# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၂၁၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဥဏ္ဏာလုံမွေးရှင်တော်ဓာတ် စီသွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဥဏ္ဏာလုံမွေးရှင်တော်ဓာတ် စီသွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပူဇော်သည်။

အခမ်းအနားသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေး ဩဝါဒါစရိယ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် *စာမျက်နှာ ၃ ကော်လံ ၁* ❍

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဥဏ္ဏာလုံမွေးရှင်တော်နေရာ၌ ၃ ကီလိုဂရမ်ရှိ သန့်စင်သည့် သလင်းကျောက်ကြီးတစ်ပွင့်၊ စိန်ပွင့်ကြီး နှစ်ပွင့်နှင့် စိန်ပွင့်ငယ် ၄၄ ပွင့်တို့ကို ဥဏ္ဏာလုံမွေးရှင်တော်ဓာတ် စီသွင်းပူဇော်စဉ်။



## ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် သံဃာတော် ၁၁၁၁ ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲ အခမ်းအနားများကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁**

ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ဆိုင်ရာ မင်္ဂလာအခမ်းအနားများကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် သံဃာတော် ၁၁၁၁ ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာ အခမ်းအနားနှင့် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားတို့ကို မေ ၂ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပပုံကို ယင်းနေ့နံနက် ၆ နာရီမှ စတင်၍ MRTV- HD Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ MRTV Sports Channel၊ MRTV – 4 မဟာဗောဓိရုပ်သံလိုင်း၊ Sky Net Buddha Channel၊ Channel- 9၊ MWD Education၊ Knowledge & Sports Channel၊ TVM Channel၊ WAF Channel နှင့် Channel Light Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်သည်။

MRTV

**ယနေ့** *ဖတ်စရာ*

ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင် အထင်ကရဘုရားများ ဖူးမြော်လေ့လာ — ပြည်တွင်းသတင်း စာ ၈

မွန်မြတ်ပြည့်စုံ လကဆုန် သွန်းကြညောင်ရေပွဲ — ဆောင်းပါး စာ ၁၀

လူမှုစီးပွားဘဝမြင့်မားရေး သမဝါယမက ဆောင်ရွက်ပေး — ဆောင်းပါး စာ ၁၆

## ကြိုတင်ကာကွယ်ရှောင်ရှားနိုင်သည့် သဘာဝဘေးအန္တရာယ်

မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် အကြီးမားဆုံး၊ အပြင်းထန်ဆုံး၊ အဆိုးရွားဆုံးအဖြစ် တွေ့ကြုံခံစားခဲ့ရသည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရမှုသည် ယနေ့တွင် ၁၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် လူပေါင်း ၁၃၈၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၁ ဒသမ ၈ ထရီလီယံအထိ ရှိခဲ့သည်။ ကမ္ဘာ့မှတ်တမ်းဝင်သည်အထိ ပျက်စီးဆုံးရှုံးမှုကြီးမားသည့် သဘာဝဘေးအန္တရာယ်ကြီး ကျရောက်ခဲ့ပြီးသည့်နောက် ဒေသခံများ၏ လူမှုစီးပွားဘဝများမှာ များစွာပြောင်းလဲသွားခဲ့သည်။

မကြုံစဖူးခံစားလိုက်ရသော နာဂစ်မုန်တိုင်းကြောင့် သေကျေပျက်စီးဆုံးရှုံးမှုကြီးမားရခြင်းနှင့် စပ်လျဉ်း၍ နာဂစ်မုန်တိုင်းသည် ယခင်က တွေ့ကြုံခဲ့ရဖူးသော မုန်တိုင်းမျိုးမဟုတ်သည့်အပြင် မိုးလေဝသ သတိပေးချက်များအပေါ် ဒေသခံများက အလေးအနက် ဂရုမပြုကြခြင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၏ ရေမြေအနေအထား အားနည်းချက်များရှိနေခြင်း၊ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများမရှိခြင်း၊ မုန်တိုင်းဒီရေနှင့် ရေလှိုင်းများရိုက်ခတ်မှုကို ကာကွယ်ပေးနိုင်သည့် ဒီရေတောများ ပြုန်းတီးနေခြင်း စသည့်အကြောင်းတရားများလည်း ပါဝင်ကြောင်း ကြီးစွာသော သင်ခန်းစာများကိုလည်း ရရှိခဲ့သည်။ မုန်တိုင်းဒဏ်ခံရပြီးနောက် ဆယ်စုနှစ်တစ်ခုခွဲမျှကြာပြီးသည့် ကာလတွင်မူ ဒေသခံများအတွင်း မုန်တိုင်းအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ အသိပညာဗဟုသုတနှင့်သတိပြုနေထိုင်မှုများ ရရှိနေပြီဖြစ်ပြီး မုန်တိုင်းဒဏ်ခံအဆောက်အအုံများ၊ အသက်ကယ်ကုန်းမြင့်များနှင့် လမ်းပန်းဆက်သွယ်ရေးတို့လည်း တည်ဆောက်ထားနိုင်ခဲ့ပြီဖြစ်သည်။ မုန်တိုင်းနှင့်ဒီရေလှိုင်းတို့ကို ကာကွယ်ပေးနိုင်သည့် အစိမ်းရောင်တံတိုင်းကြီးများဟု တင်စားကြသည့် ဒီရေတောများ ပြုစုပျိုးထောင်ရေးကိုမူ ဒေသများအလိုက် အောင်မြင်ဖြစ်ထွန်းသည်အထိ တစိုက်မတ်မတ် စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

မိုးကြိုကာလ ဧပြီလ၊ မေလနှင့် မိုးလွန်ကာလ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းများဖြစ်ပေါ်ပြီး မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်လေ့ရှိခြင်းကြောင့် မုန်တိုင်းရာသီအဖြစ် သတ်မှတ်ထားရာ သတိပြုကြရန်လိုသည်။ မုန်တိုင်းသည် မြန်မာနိုင်ငံအတွက် ကောင်းကျိုးရော ဆိုးကျိုးပါ ဖြစ်စေနိုင်သည့် ရာသီဥတုဆိုင်ရာ သဘာဝဖြစ်စဉ်များပင်ဖြစ်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် ထူးထူးခြားခြား မုန်တိုင်းကြီးများ ဖြစ်ပေါ်လာတတ်သည်ကိုလည်း သိရှိနားလည်ထားကြရမည်ဖြစ်သည်။

မုန်တိုင်းသည် ကြိုတင်ကာကွယ်ရှောင်ရှားနိုင်သည့် သဘာဝဘေးအန္တရာယ်ဖြစ်သည့်အတွက် မုန်တိုင်းဆိုင်ရာ သတင်းအချက်အလက်များကို နိုင်ငံပိုင်မီဒီယာများ၊ မိုး/ဇလ၏ လူမှုကွန်ရက်များမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို မျက်ခြည်မပြတ် ကြည့်ရှုနားထောင်ရန်၊ ဒေသတွင်းရှိ အနီးဆုံးမုန်တိုင်းဒဏ်ခံ အဆောက်အအုံနှင့် နေရာတို့ကို ရွေးချယ်သတ်မှတ်ထားရန်၊ မုန်တိုင်းအမှန်တကယ်ကျရောက်တော့မည်ဆိုပါက မုန်တိုင်းခိုနေရာများသို့ စားရေရိက္ခာ၊ မရှိမဖြစ်လိုအပ်သော အသုံးအဆောင်များနှင့်အတူ ကြိုတင်ပြောင်းရွှေ့ရန်၊ မုန်တိုင်းဆိုင်ရာ ဗဟုသုတများကို လေ့လာထားရန် စသည့်အချက်များကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် မိမိတို့ထံ ကျရောက်လာမည့်အန္တရာယ်မှ ရှောင်လွှဲနိုင်မည်ဟူ၍ နာဂစ်မုန်တိုင်းတိုက်ခတ်မှု ၁၅ နှစ်ပြည့်အဖြစ် နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## ဖွားပွင့်ဟောစံ လေးတန်ဆုံတွေ့ ဗုဒ္ဓနေ့

- တန်ခူးရေကုန် ကဆုန်ရေခန်း
  ရိခြောက်နွမ်းသွေ့ လေပူငွေ့တိုင်း
  မဆိုင်းမတွ ရွက်ကြွေကျသည့်
  မြတ်လှညောင်ပင် ဗောဓိရှင်ကို
  သစ်လွင်စိုလန်း ရည်ရွယ်မှန်း၍
  သွန်းဖျန်းကြသည် ဤရာသီကို
  ခေါ်မြည်တွင်ကြ ကဆုန်လ။
- မင်းလွင်အုံပျံ့ မြေသင်းနံ့ထုံ
  ဤကဆုန်ဝယ် ပဋ္ဌာန်ရိုက်မြည်
  မိုးသံဟည်လည်း မပီမသ
  မိုးစက်လှက စီးကျယိုဖိတ်
  တိတ်ဆိတ်နည့် မဝံ့မရဲ
  ရွာသွန်းဆဲမို့ ငှက်လည်းသာထွေ
  ယုဂန်ဖွေတွင် တိမ်ခြေတစ်ဖုံ
  ဂဠုန်လိုဝဲ အသည်းခိုက်မျှ
  သာစွပုံသွင် အလှဆင်သည်
  လတွင်ကဆုန် အံ့မကုန်တည်း။
- ဖွားပွင့်ဟောစံ ဗျာဒိတ်ခံလျက်
  မှတ်ရန်ကဆုန် လပြည့်ကြုံနေ
  သံဝေဇနိယ လေးဌာနဟု
  မှတ်ကြဗိုလ်လူ ကြည်ဖြူသဒ္ဓါ
  ပွားများရာတွင် ဖူးလာလက်စုံ
  မြတ်ကဆုန်ဟု။
- ရာသီပြိုသ ယှဉ်ပြိုင်လနှင့်
  ထွန်းပရောင်ဝါ ဝိသာခါက
  မြတ်ဗုဒ္ဓနေ့ စိတ်ချမ်းမြေ့လျက်
  မမေ့စေကြောင်း စဉ်လာကောင်းဖြင့်
  ဆုတောင်းခါခါပြုကြပါသည်
  ဘယ်ခါရွှေ့ရွှေ့ ဒို့မမေ့။ ။

(ကဆုန်လပြည့်နေ့ကို ဦးခိုက်လျက်)

ဘိုမျိုး(ရွှေဘို)

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် မေ ၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဝါးခယ်မကျောင်းတိုက်(**အပေါ်ယာပုံ**)၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ အောင်ဓမ္မရိပ်သာကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရေတွင်းကုန်းကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ပညာလင်္ကာရ မဏ္ဍိုင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိသာသနာ့ ရောင်ခြည်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာမဏေကျော်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မှန်ကင်းပဋ္ဌာနတာရုံ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ မင်္ဂလာကံလှ ကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ အရှေ့ခါးရိုး ပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်း ကြကြောင်း သိရသည်။

သတင်းစဉ်

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကိုရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေး ဩဝါဒါစရိယ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များက မေတ္တာပြုဂါထာတော်များကို ရွတ်ဆို၍ မေတ္တာပွားများ ပူဇော်ကြစဉ်။

*❍ ရွှေဖုံးမှ*

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး နှင့် တာဝန်ရှိသူများ တက်ရောက်ပူဇော်ကြသည်။

**မေတ္တာပြုဂါထာတော်များကို ရွတ်ဆို**

ဦးစွာအခမ်းအနားကို "နမော တဿ" သုံးကြိမ် ရွတ်ဆိုပူဇော်ဖွင့်လှစ်ပြီး ဆရာတော်ကြီးများက မေတ္တာပြုဂါထာတော်များကို ရွတ်ဆို၍ မေတ္တာပွားများ ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့ လင်္ကာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

**သာဓုအနုမောဒနာခေါ်ဆို**

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဥဏ္ဏာလုံမွေးရှင်တော်အဖြစ် စီသွင်းပူဇော်မည့် စိန်ရတနာများကို သက်တော်ထင်ရှား သဗ္ဗညုဘုရားရှင်အား ရည်မှန်းပြီး ပါဠိဆရာတော်ကြီးထံ သာဟတ္ထိကဒါနမြောက် ကိုယ်တိုင်လက်ရောက် ဆက်ကပ်လှူဒါန်း ပူဇော်ကြကာ ပါဠိဆရာတော်ကြီးက ချီးမြှင့်တော်မူသည့် ဥဏ္ဏာလုံမွေးရှင်တော်ဆိုင်ရာ ဓမ္မကထာကို နာယူတော်မူကြပြီး ဥဏ္ဏာလုံမွေးရှင်တော် လက္ခဏာတော် ဘုရားရှိခိုးလင်္ကာကို ရွတ်ဆိုပူဇော်၍ သာဓုအနုမောဒနာ ခေါ်ဆိုကြသည်။

ယင်းနောက် ပါဠိဆရာတော်ကြီးနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်မည့် မင်္ဂလာနေရာသို့ တက်ရောက်နေရာယူကြသည်။ ထိုသို့ မင်္ဂလာနေရာသို့ တက်ရောက်နေရာယူစဉ် အခမ်းအနားမှူးက ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်ခြင်း မဟာမင်္ဂလာ အခါတော် စာတမ်းကိုဖတ်ကြားပူဇော်သည်။

**အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း**

မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဥဏ္ဏာလုံမွေးရှင်တော်နေရာ၌ ၃ ကီလိုဂရမ်ရှိ သန့်စင်သည့်သလင်းကျောက်ကြီးတစ်ပွင့်၊ စိန်ပွင့်ကြီး နှစ်ပွင့်နှင့် စိန်ပွင့်ငယ် ၄၄ ပွင့်တို့ကို ဥဏ္ဏာလုံမွေးရှင်တော်ဓာတ် စီသွင်းပူဇော်သည်။ ထိုသို့ထည့်သွင်းပူဇော်စဉ် အခမ်းအနားမှူးက သက္ကတွာသုံးဂါထာနှင့် မာရဝိဇယဗုဒ္ဓပူဇာ အာသီသပတ္ထနာဂါထာဖြင့် ပူဇော်သည်။ ယင်းနောက် ပါဠိဆရာတော်ကြီး၊ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဥဏ္ဏာလုံ မွေးရှင်တော်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

**အောင်ဆုမင်္ဂလာအမျှဝေစာတမ်းဖတ်ကြား**

ထို့နောက် ဆရာတော်ကြီးများ ဦးဆောင်၍ ဇယန္တော ဗောဓိယာမူလေအစချီ ဇယမင်္ဂလာအောင် ဂါထာတော်နှစ်ပုဒ်ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြပြီး အောင်ဆုမင်္ဂလာအမျှဝေစာတမ်းကို ဖတ်ကြား၍ အမျှပေးဝေကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဥဏ္ဏာလုံမွေးရှင်တော်အဖြစ် စီသွင်းပူဇော်မည့် စိန်ရတနာများကို သက်တော်ထင်ရှား သဗ္ဗညုဘုရားရှင်အား ရည်မှန်းပြီး ပါဠိဆရာတော်ကြီးထံ သာဟတ္ထိကဒါနမြောက် ကိုယ်တိုင်လက်ရောက် ဆက်ကပ်လှူဒါန်း ပူဇော်စဉ်။

- ❖ **သဗ္ဗညုဘုရားရှင်တို့၏ လက္ခဏာတော်ကြီး ၃၂ ပါးတွင် ပါဝင်သည့် ဥဏ္ဏာလုံမွေးရှင်တော်ဟူသည် မြတ်စွာဘုရားရှင်၏ မျက်ခုံးတော်နှစ်သွယ် အလယ်ဗဟို တည့်တည့်အရပ်တွင် ဆွဲ၍ဆန့်လိုက်မူလံဝက်မျှ (သုံးပေခန့်) ရှည်လျားပြီး လွှတ်လိုက်လျှင် လက်ယာရစ်ခွေ၍ စိန်ရောင်၊ ငွေရောင်အသွင် ဖြူစင်ဝင်းပသည့် မွေးရှင်တော်ဓာတ်ဖြစ်**
- ❖ **ပါရမီတော်ဖြည့်ကျင့်ခဲ့သည့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ ပတ်လုံး ပါရမီတော်များ ဖြည့်ကျင့်တော်မူစဉ် မုသာဝါဒသိက္ခာပုဒ်ကို လုံခြုံစွာစောင့်ထိန်းပြီး သစ္စာတရား၌တည်ခဲ့သော ကုသိုလ်တော်အစွမ်းကြောင့် ရရှိတော်မူခြင်းဖြစ်**



ပါဠိဆရာတော်ကြီးနှင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်မည့် မင်္ဂလာနေရာသို့ တက်ရောက်နေရာယူကြစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေး ဩဝါဒါစရိယ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဥဏ္ဏာလုံမွေးရှင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥဏ္ဏာလုံမွေးရှင်တော်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

*စာမျက်နှာ ၃ မှ*

**ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုး**

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

သဗ္ဗညုဘုရားရှင်တို့၏ လက္ခဏာတော်ကြီး ၃၂ ပါးတွင်ပါဝင်သည့် ဥဏ္ဏာလုံမွေးရှင်တော်ဟူသည် မြတ်စွာဘုရားရှင်၏ မျက်ခုံးတော်နှစ်သွယ် အလယ်ဗဟို တည့်တည့်အရပ်တွင် ဆွဲ၍ဆန့်လိုက်မူ လံဝက်မျှ(သုံးပေခန့်) ရှည်လျားပြီး လွှတ်လိုက်လျှင် လက်ယာရစ်ခွေ၍ စိန်ရောင်၊ ငွေရောင်အသွင် ဖြူစင်ဝင်းပသည့် မွေးရှင်တော်ခေတ်ဖြစ်သည်။ ပါရမီတော်ဖြည့်ကျင့်ခဲ့သည့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီတော်များ ဖြည့်ကျင့်တော်မူစဉ် မုသာဝါဒသိက္ခာပုဒ်ကို လုံခြုံစွာ စောင့်ထိန်းပြီး သစ္စာတရား၌တည်ခဲ့သော ကုသိုလ်တော်အစွမ်းကြောင့် ရရှိတော်မူခြင်းဖြစ်သည်။

**ထုဆစ်မှုမှာ ၉၅ ရာခိုင်နှုန်းပြီးစီး**

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် စီသွင်းပူဇော်သည့် ဥဏ္ဏာလုံမွေးရှင်တော်မြတ်တွင် ၁၈ ဒသမ ၀၈ ရတီရှိ စိန်ပွင့်ကြီး ၂ ပွင့်၊ ၄ ဒသမ ၃၄ ရတီရှိ စိန်ပွင့် အသေး ၄၄ ပွင့်၊ သလင်းကျောက် ၅၃ ပွင့်၊ ရွှေ(၁၂ ပဲအရည်) ၃ ကျပ်သား၊ ၁ ပဲ ၄ ရွေး၊ ငွေ ၄၂၇ ကျပ်သား ၈ ပဲရှိကြောင်းသိရှိရသည်။

"မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော် အစိတ်အပိုင်းကြီးကို ဇန်နဝါရီ ၂၆ ရက် မင်္ဂလာအချိန်တွင် ရတနာပလ္လင်တော်ထက်သို့

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

စတင်ပင့်ဆောင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာပင့်ဆောင်ပူဇော်နိုင်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင်လည်း ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ (၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော်ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများကို ဇန်နဝါရီ ၂၇ ရက်နှင့် ဖေဖော်ဝါရီ ၁၀ ရက်တို့တွင် အောင်မြင်စွာ ပြုလုပ်ပြီးစီးခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ ဌာပနာတော်ကုသိုလ်ရှင်များ၊ ပြည်သူပြည်သားများအားလုံး ဝမ်းမြောက်နှမော်သာဓုခေါ်ဆိုခဲ့ကြကြောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆင်းတုတော်အပိုင်း ၄ ကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်မှုမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း။

**ထည့်သွင်းတည်ဆောက်လျက်ရှိ**

ထိုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီး ထုဆစ်နေသည့် နည်းတူ သာသနိက အဆောက်အအုံများစွာကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိပြီး ယခုအခါ သာသနိက အဆောက်အအုံများနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်မှုမှာ ၈၂ ဒသမ ၃ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးစဉ်။

# အသိပေးနှိုးဆော်ချက်

ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် ၁၁၁၁၁ ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင်တော်နှင့် ပြည်သူ့ရင်ပြင်တို့၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ၃၀-၄-၂၀၂၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းနှင့် ၂-၅-၂၀၂၃ ရက်နေ့တွင် အခမ်းအနားကျင်းပစဉ်အတွင်း နံနက် ၀၄၀၀ အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ ပြည်လမ်းအား ဟံသာဝတီအဝိုင်းမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဟံသာဝတီအဝိုင်းမှ ရွှေတိဂုံဘုရားလမ်းအထိလည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းအား ဦးထောင်ဘိုလမ်းမှ ဦးဝိစာရလမ်းထိပ်အထိလည်းကောင်း၊ အလုံလမ်းအား ဗဟိုလမ်းမှ ရွှေတိဂုံဘုရားလမ်းအထိလည်းကောင်း၊ မြို့မကျောင်းလမ်းအား အလုံလမ်းမှ မင်းရဲကျော်စွာလမ်းအထိလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်များသည် ဟံသာဝတီအဝိုင်းတွင် ယာဘက်သို့ ချိုးကွေ့၍ ဟံသာဝတီလမ်းမှ အထက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် ဝဲဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ဦးဝိစာရလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် ဟံသာဝတီအဝိုင်းမှ ဟံသာဝတီလမ်း၊ အထက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် ဦးထောင်ဘိုလမ်းမှ ဗဟန်းအဝိုင်းသို့လည်းကောင်း၊ အလုံလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် ဗဟိုလမ်းအတိုင်းလည်းကောင်း၊ မြို့မကျောင်းလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် မင်းရဲကျော်စွာလမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# မေလ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းမှုအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၁၀၁ ဒီဂရီဖာရင်ဟိုက်မှ ၁၁၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၉ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၄၇% မှ ၅၈% အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း) နှင့် မွန်ပြည်နယ်တို့တွင် ၅၉% မှ ၆၉% အတွင်းနှင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၀% မှ ၈၀% အတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၅၀ မီလီမီတာ မှ ၆၀ မီလီမီတာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၆၁ မီလီမီတာမှ ၇၂ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ၇၃ မီလီမီတာမှ ၈၄ မီလီမီတာအတွင်း အသီးသီး ရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

## မြန်မာနိုင်ငံတွင် ၁၈၇၇ ခုနှစ်၊ မေ ၁ ရက်တွင် ရန်ကုန်-ပြည် ရထားလမ်းပိုင်း ၁၆၁ မိုင်ခရီးကို စတင်ဖောက်လုပ်ပြေးဆွဲခဲ့






**နေပြည်တော် မေ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးရှိ ဘဝသံသရာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအကြီးအမှူးများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏ပို့ဆောင်ရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြန်မာနိုင်ငံတွင် ၁၈၇၇ ခုနှစ်၊ မေ ၁ ရက်တွင် ရန်ကုန်-ပြည် ရထားလမ်းပိုင်း ၁၆၁ မိုင်ခရီးကို စတင်ဖောက်လုပ်ပြေးဆွဲခဲ့ခြင်းနှင့်အတူ ရထားပို့ဆောင်ရေးလုပ်ငန်း ပေါ်ထွန်းလာခဲ့ခြင်းမှာ ယနေ့ဆိုလျှင် (၁၄၆)နှစ်မြောက်ပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ ခေတ်စနစ်များ အမျိုးမျိုးပြောင်းလဲလာသည်နှင့်အမျှ Burma Railway Company၊ မီးရထားဘုတ်အဖွဲ့၊ ရထားပို့ဆောင်ရေးကော်ပိုရေးရှင်းဟု ဌာနအခေါ်အဝေါ် အဆင့်ဆင့်ပြောင်းလဲလာခဲ့ပြီး ၁၉၈၉ ခုနှစ်၊ ဧပြီ ၁ ရက်တွင် မြန်မာ့မီးရထားဟု ယနေ့တိုင် ပြောင်းလဲသတ်မှတ်ခေါ်ဝေါ်ခဲ့ပါကြောင်း၊ မြန်မာ့မီးရထား ဖြတ်သန်းခဲ့သည့် ၁၄၆ နှစ် ခရီးတစ်လျှောက်တွင် ခေတ်စနစ်များ အမျိုးမျိုး ပြောင်းလဲခဲ့သော်လည်း ဝန်ထမ်းများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ပို့ဆောင်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသောကြောင့် နိုင်ငံတော်၏ ပို့ဆောင်ရေးလိုအပ်ချက်များကို ယခုတိုင် ဖြည့်ဆည်းပေးနိုင်နေဆဲဖြစ်ပါကြောင်း။

ရထားလမ်း တိုးချဲ့ဖောက်လုပ်နိုင်ခဲ့မှုများကို လေ့လာကြည့်မည်ဆိုရင် မြန်မာနိုင်ငံတွင် ရထားလုပ်ငန်းစတင်ခဲ့သည့် ၁၈၇၇ ခုနှစ်မှ လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၁၉၂၄ မိုင်ခန့်နှင့် ဘူတာရုံပေါင်း ၄၇၆ ခု တည်ရှိခဲ့ရာ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင် ၅၄ မိုင်ခန့်နှင့် ဘူတာရုံ ၁၁ ခု တိုးတက်တည်ဆောက်နိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အထိ ရထားလမ်းခရီးမိုင် ၁၈၂၂ မိုင်ခန့်နှင့် ဘူတာရုံ ၄၇၃ ခု ထပ်မံတိုးချဲ့ ဖောက်လုပ်တည်ဆောက်နိုင်ခဲ့သည့်အတွက် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင် စုစုပေါင်းမိုင် ၃၈၀၀ ကျော်ခန့်နှင့် ဘူတာရုံပေါင်း ၉၆၀ ရှိပြီဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည်-ပုဂံ၊ မန္တလေး-ပြင်ဦးလွင်၊ နေပြည်တော်-ကျောက်ပန်းတောင်း-ပုဂံ၊ သာစည်-ရွှေညောင်၊ ပုသိမ်-ကြံခင်းနှင့် တောင်ကြီး-ဆိုက်ခေါင် လမ်းပိုင်းများတွင် အမြန်ရထား ၁၈ စင်း၊ စာပို့ရထား ၁၀ စင်း၊ လူစီးကုန်တင်ရထား ၁၄ စင်း စုစုပေါင်း ၄၂စင်းနှင့် ရန်ကုန်မြို့ပတ်တွင် နေ့စဉ် ၃၅ စင်းဖြင့် စုစုပေါင်းလူစီးရထားများ ၇၇ စင်းအထိ တိုးချဲ့ပြေးဆွဲနိုင်ခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ရထားလမ်းများ ကြံ့ခိုင်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများအတွက် လမ်းပိုင်းအသီးသီးတွင် လမ်းခင်းကျောက် စုစုပေါင်း ၂၀၉၄၈၁ ကျင်း ဖြည့်သွင်းခြင်း၊ ကွန်ကရစ်ဇလီဖား စုစုပေါင်း ၂၀၁၆၉၃ တုံး ထည့်သွင်းခြင်း၊ သစ်သားဇလီဖား ၄၅၀၀၀ ထည့်သွင်းခြင်း၊ သံလမ်းအသစ် စုစုပေါင်း ၂၄၂၃၄ ချောင်း လဲလှယ်ခင်းကျင်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**အဓိကအားထားအသုံးပြုလျက်ရှိ**

ရထားလုပ်ငန်းမှာ နိုင်ငံအတွက် မဟာဗျူဟာအရ အရေးကြီးသော လုပ်ငန်းဖြစ်ခြင်း၊ ရထားသည် ကားနှင့်နှိုင်းယှဉ်လျှင် တူညီသော ကုန်စည်ပမာဏနှင့် အကွာအဝေးအတွက် လောင်စာဆီ သုံးစွဲနှုန်း လေးပုံတစ်ပုံမှ ခြောက်ပုံတစ်ပုံသာရှိသဖြင့် လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို လျော့ပါးစေခြင်း၊ ခရီးသည်အမြောက်အမြား သယ်ယူပို့ဆောင်နိုင်သဖြင့် မော်တော်ယာဉ်ကျပ်တည်းမှုဖြစ်ပေါ်နေသော မြို့ကြီးများအတွက် မဖြစ်မနေသုံးသင့်သော ပို့ဆောင်ရေးစနစ်ဖြစ်နေခြင်းစသည်တို့ကြောင့် နိုင်ငံအသီးသီးတွင် ရထားလုပ်ငန်းကိုပြည်သူလူထုပို့ဆောင်ရေးလုပ်ငန်း (Public Transportation) အဖြစ် အဓိကအားထားအသုံးပြုလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲကလည်း ရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာ၍ ရေရှည်အတွက် ဦးစားပေးစဉ်းစားဆောင်ရွက်ရန်၊ ရထားစက်ခေါင်းနှင့်တွဲများ ပြုပြင်ထိန်းသိမ်းခြင်း၊ တည်ဆောက်ခြင်း၊ ရထားလမ်းများပြုပြင်ထိန်းသိမ်းခြင်းနှင့် ထပ်မံတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများ၊ ပြည်တွင်းအင်ဂျင်နီယာပညာရှင်များကို အဓိကထားအသုံးပြု၍ နည်းပညာများ တိုးတက်အောင်ဆောင်ရွက်ရန်၊ အနာဂတ်တွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ရန်၊ စက်ခေါင်းနှင့် တွဲများ တည်ဆောက်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ ပြင်ပမှဝယ်ယူနေမှုကို တဖြည်းဖြည်းလျှော့ချပြီး ပြည်တွင်းတွင် ထုတ်လုပ်တည်ဆောက်နိုင်ရေး သုတေသနပြုလုပ်ကြိုးပမ်းဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားသည့်အပြင် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပံ့ပိုးခြင်းများ ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ ရထားဝန်ထမ်းများအားလုံးကလည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်လည်း ထပ်လောင်းမှာကြားလိုပါကြောင်း။

လက်ရှိ မြန်မာ့မီးရထားတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းအပေါင်းတို့ကလည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် **“ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ရထားစီးခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးသို့ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေး၊ တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် ကုန်စည်အများအပြားကို အချိန်တိုအတွင်း စျေးနှုန်းသက်သာစွာဖြင့် ပို့ဆောင်ပေးနိုင်ရေး ပြည်သူများ၏ အကျိုးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ကြိုးပမ်းထမ်းဆောင်ပေးကြပါရန် မှာကြားသည်။

ဆက်လက်၍ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက ဌာနဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ၍ (၁၄၆) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က တိုင်း၊ စက်ရုံ၊ ဆေးရုံများအလိုက် အကောင်းဆုံးဆုရရှိသူများ၊ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများနှင့် သင်တန်းထူးချွန်ဆုရရှိခဲ့ကြသည့် အရာထမ်း၊ အမှုထမ်းများကို ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ပြုဆုရရှိသူများနှင့်အတူ ဘဝသံသရာခန်းမရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မြန်မာ့မီးရထား၏ (၁၄၆)နှစ်မြောက် နှစ်ပတ်လည် မိတ်ဆုံညစာစားပွဲ အခမ်းအနားကို တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပဲခူးမြို့၌ (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ပဲခူး မေ ၁**

မေလ ၅ ရက်နေ့တွင် ကျရောက်မည့် (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း ဦးဆောင်သော သန္နွေအင်အား ၅၀၊ အရန်အင်အား ၅၀ ပါဝင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘုရားရင်ပြင်နှင့် ဘုရားပရိဝုဏ်အတွင်းအပြင်ကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ပြီး**(အပေါ်ပုံ)** ဘုရားရေသပ္ပာယ်ပူဇော်ခြင်းများ ပြုလုပ်၍ ကုသိုလ်ယူခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## ပေါင်းတည်၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် ဆေးထိုးနှံပေး

**ပေါင်းတည် မေ ၁**

ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ်အစီအစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ အသက်နှစ်လမှ သုံးနှစ်အရွယ်အထိ ကလေးငယ်များအား ကူးစက်ရောဂါဖြစ်ပွားမှု ကင်းဝေးစေရန် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဧပြီ ၂၇ ရက်က ကာကွယ်ဆေးများ ထိုးနှံ/တိုက်ကျွေးပေးလျက်ရှိကြောင်း မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **(ယာပုံ)**

ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးပေးရာတွင် အသက်နှစ်လမှ သုံးနှစ်အရွယ်ရှိ ကလေးများအား အသက်အရွယ်အလိုက် ထိုးနှံရမည့်ကာကွယ်ဆေးများ အကြိမ်ပြည့်ရရှိစေရန်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဘီစီဂျီ၊ ဆုံဆို့ - ကြက်ညှာ - မေးခိုင် - အသည်းရောင်အသားဝါဘီ- ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ရိုတာ ဝမ်းပျက်ဝမ်းလျှော၊ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးတို့အား ထိုးနှံတိုက်ကျွေးလျက်ရှိသည်။

အဆိုပါ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ကာကွယ်ဆေးထိုးနှံပေးမှုများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဧပြီ ၃၀ ရက်အထိ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **သူရကြီး(ပြန်/ဆက်)**



# သီရိလင်္ကာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပွားယူပင့်ဆောင်ထားသည့် ဗုဒ္ဓမြတ်စွယ်တော်နှစ်ဆူအား တောင်ငူမြို့ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ စွယ်တော်ကိန်းဝပ်စံပယ်တော်မူမည့် ကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁**

သီရိလင်္ကာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ပွားယူပင့်ဆောင်ထားသည့် ဗုဒ္ဓမြတ်စွယ်တော် နှစ်ဆူအား ခေတ္တကိန်းဝပ်စံပယ်တော်မူရာ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်မှ တောင်ငူမြို့ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ စေတနာရှင် အလှူရှင်များ ဆောက်လုပ်လှူဒါန်းထားသည့် စွယ်တော်မြတ်နှစ်ဆူ ကိန်းဝပ်စံပယ်အပူဇော်ခံတော်မူမည့် ကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်ရှိ ပဋ္ဌာနသောတဂါမိနိဓမ္မဗိမာန်တော်၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် အရှင်တိက္ခသာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြတ်ဗုဒ္ဓစွယ်တော်ပွားနှစ်ဆူအား တောင်ငူမြို့အတွင်း လှည့်လည်ပင့်ဆောင်အပူဇော်ခံကာ မော်တော်ယာဉ်များဖြင့် သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ စွယ်တော်မြတ်စံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ကြသည်။

အဆိုပါ မြတ်ဗုဒ္ဓစွယ်တော်ပွားနှစ်ဆူသည် ရွှေကျင်သာသနာပိုင် သီတဂူဗုဒ္ဓတက္ကသိုလ်များနှင့် ဆေးရုံများ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဘိဓဇအဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ အရှင်ဉာဏိဿရ အမှူးပြုသော သံဃာတော်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဗုဒ္ဓမြတ်စွယ်တော်နှင့် လက်ညှိုးအရိုးဓာတ်တော်၊ သီရိလင်္ကာနိုင်ငံရှိ ဗုဒ္ဓမြတ်စွယ်တော်များထံ ရင်ငွေ့လှုံကာ ပွားယူပင့်ဆောင် ပူဇော်ခဲ့ခြင်းဖြစ်ပြီး အများပြည်သူစေတနာရှင် အလှူရှင်များ ဖူးမြော်ပူဇော်ကြည်ညိုနိုင်စေရန် တောင်ငူမြို့ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ရင်ပြင်တော်ရှိ စွယ်တော်မြတ်စံကျောင်းတော်သို့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒခံယူကာ ပင့်ဆောင်ပူဇော်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိုင်းရှူးမြို့ ဟံသာမုနိမာရဇိန်ဘုရားကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းနှင့် နှစ်(၁၀၀)ပြည့် ပွဲတော်အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့ ဟံသာမုနိဘုရားကြီးကျောင်းရှိ ဟံသာမုနိမာရဇိန်ဘုရားကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းနှင့် နှစ်(၁၀၀)ပြည့် ပွဲတော်အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ ဘုရားကြီးကျောင်း၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရှမ်းပြည်နယ် လွိုင်လင်မြို့ သာသနာ ဝိပုလဓာတ်တော် ကျောင်းတိုက် ဦးစီးပဓာနနာယက ရှမ်းပြည်နယ်လုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တပညာနန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဟံသာမုနိမာရဇိန်ဘုရားကြီးအား ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီး၊ ဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရှမ်းပြည်နယ် လွိုင်လင်မြို့ သာသနာဝိပုလ ဓာတ်တော်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မိုင်းရှူးမြို့ရှိ ဟံသာမုနိမာရဇိန် ဘုရားကြီး နှစ် (၁၀၀) ပြည့် ပွဲတော်အထိမ်းအမှတ်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** သံဃာတော်များက "ဇယန္တော ဗောဓိယာ မူလေ" ဇယမင်္ဂလာ အောင်ဂါထာတော်အား (၃) ကြိမ် ရွတ်ဆိုကာ မုခ်ဦးအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ယင်းနောက် သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နှစ်(၁၀၀)ပြည့် ပွဲတော်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဝင်ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဗုဒ္ဓဝင်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။



ဆက်လက်၍ ဟံသာမုနိမာရဇိန်ဘုရားကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းနှင့် နှစ်(၁၀၀)ပြည့်ပွဲတော်ရေစက်ချအလှူတော်မင်္ဂလာကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ ရှမ်းပြည်နယ် လွိုင်လင်မြို့ သာသနာဝိပုလ ဓာတ်တော်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီးသံဃာတော်များက ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြကာ တိုင်းမှူးနှင့် စေတနာရှင် အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများအား ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မိုင်းရှူးမြို့ရှိ ဟံသာမုနိမာရဇိန် ဘုရားကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းနှင့် နှစ်(၁၀၀)ပြည့်ပွဲတော် ဖြစ်မြောက်ရေးအတွက် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုစာရင်းများကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြားလျှောက်ထားပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေကြကာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့ရှိ ဟံသာမုနိမာရဇိန်ဘုရားကြီးအား နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူနိုင်ရေးနှင့် လိုအပ်သည့် သာသနိက အဆောက်အဦများ ဆောက်လုပ်နိုင်ရေးတို့ အတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများ၏ ဗုဒ္ဓသာသနာတော် တည်တံ့စေရန် အလို့ငှာ စုပေါင်းလှူဒါန်းမှုဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟုမ္မလင်းမြို့နယ် အောင်လွန်ကျေးရွာ၊ မိတ္ထီလာမြို့နယ် တောမကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် အောင်လွန်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ နယ်မြေခံဆေး ကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါကျေးရွာ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၈၈ ဦးအား သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးနှင့် ဆိုင်သောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်း ရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် တောမကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က တောမကျေးရွာရှိ စျေးကုန်းဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ စုစုပေါင်း ၃၈၃ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဗန်းမော်ကျောင်းတိုက်တွင် ပြန်လည်ရောက်ရှိ သီတင်းသုံးတော်မူနေသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ သွားရောက်ဖူးမြော်

**မန္တလေး မေ ၁**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသသည် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးရှိ မန်းတောင်ရိပ် အထွေထွေရောဂါကုသဆောင်တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူသီတင်းသုံးတော်မူပြီး ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာ၍ မူလသီတင်းသုံးတော်မူရာ ဗန်းမော်ကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိ သီတင်းသုံးတော်မူရင်း ကျန်းမာရေးစောင့်ရှောက်မှုများကို ဆက်လက်ခံယူလျက်ရှိသည်။

ဗန်းမော်ကျောင်းတိုက်ရှိ ဝိဇ္ဇာစရဏကျောင်းတော်တွင် သီတင်းသုံးတော်မူနေသည့် ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းနှင့် တာဝန်ရှိသူများက ယနေ့ညနေပိုင်းက သွားရောက်ဖူးမြော်ကာ ကျန်းမာရေးအခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းလျှောက်ထားပြီး ဆရာတောကြီးထံမှ ဩဝါဒခံယူကြသည်။(ယာပုံ)

ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က အချိန်နှင့်တစ်ပြေးညီ အလေးထားဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်၊ မန္တလေးအထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာ သက်အောင်နှင့် အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြီးကြပ်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ဂရုတစိုက်ဆောင်ရွက်ပေး နေကြောင်း၊ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိသော်လည်း ဆရာတော်ကြီး၏ ကျန်းမာရေးကို စောင့်ရှောက်သောအားဖြင့် ဝင်ရောက် ဖူးမြော်ခြင်းလုံးဝ (လုံးဝ) မပြုကြပါရန် အနူးအညွတ် မေတ္တာရပ်ခံ ပန်ကြားထားကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများ ပင်းတယမြို့ရှိ ရွှေဥမင်ဘုရားသို့ သွားရောက်ဖူးမြော်

**တောင်ကြီး မေ ၁**



တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်ဆရာဆရာမများ၊ လူရည်ချွန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ သွားရောက်ဖူးမြော်ကြသည်။

လူရည်ချွန်မောင်မယ်များသည် ပင်းတယမြို့ရှိ သဘာဝလိုဏ်ဂူဘုရားသို့ ရောက်ရှိရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပင်းတယမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံ ဓနုတိုင်းရင်းသားများနှင့် ရွှေဥမင်ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုကြသည်။

ဦးစွာ လူရည်ချွန်မောင်မယ်များသည် ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်၍ ဖူးမြော်ကန်တော့ကြပြီး အုပ်စုခွဲ၍ ရွှေဥမင်သဘာဝလိုဏ်ဂူအတွင်းရှိ ရှေးဟောင်းစေတီများ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ အထင်ကရသမိုင်းဝင်နေရာများ၊ သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ကျောက်စက်ပန်းဆွဲများ၊ ကျောက်တိုင်၊ ကျောက်စည်၊ ကျောက်မောင်းများ၊ ရေကန်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာ ဆရာမများသည် ဘုရားစောင်းတန်းရှိ တိုင်းရင်းသားရိုးရာ အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းအရောင်းဆိုင်များကို လေ့လာကြည့်ရှုဝယ်ယူကြပြီး ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား အဝင်မုခ်ဦး **(အပေါ်ပုံ)** နှင့် တပေါင်းကွင်းရှိ သက်တမ်းရင့်ညောင်ပင်ကြီး၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ယင်းနောက် လူရည်ချွန်အဖွဲ့များသည် ပင်းတယမြို့ အခြေခံပညာအထက်တန်းကျောင်း(ကြိုသက်)ရှိ ပညာရောင်ခြည်ခန်းမ၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာကို သုံးဆောင်ကြသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်ကျော်ဦးက ပင်းတယမြို့သမိုင်းကြောင်း သိကောင်းစရာများနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဧည့်သည်တော်များ၊ လူရည်ချွန်မောင်မယ်များနှင့် အတူတကွ ဂုဏ်ပြုနေ့လယ်စာကို သုံးဆောင်ကြသည်။

ဆက်လက်၍ လူရည်ချွန်မောင်မယ်များသည် သမိုင်းဝင် ပုန်းတလုတ်ရေကန်ကို လေ့လာခဲ့ကြပြီး တောင်ကြီး လူရည်ချွန်အပန်းဖြေစခန်းသို့ ပြန်လည်ထွက်ခွာကြသည်။

ညပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖျော်ဖြေရေးအဖွဲ့က လူရည်ချွန်မောင်မယ်များကို အဆို၊ အက၊ အတီးများဖြင့် သီဆိုတီးမှုတ် ဧည့်ခံဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရားများ ဖူးမြော်လေ့လာ



**နေပြည်တော် မေ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရားများကို ဖူးမြော်လေ့လာကြသည်။

ဦးစွာ ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန် ကျောင်းသားကျောင်းသူများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဓမ္မရာဇကဘုရား၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ တာမဏီသိမ်ကျောင်း၊ ရွှေဆံတော်ဘုရားနှင့် ရွှေစည်းခုံစေတီတော်တို့အား ဖူးမြော်ကြည်ညိုကြရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ တာဝန်ရှိသူများက ဘုရားကြီးများ သမိုင်းကြောင်း၊ တည်ထားကိုးကွယ်ခဲ့သည့် မင်းများနှင့် ရှေးဟောင်းအင်္ဂတေပန်းများ၊ ဗိသုကာ လက်ရာများအကြောင်းကို ရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် မင်္ဂလာကန်တော်အတွင်း ရေနည်းပါးမှုကို ကြည့်ရှုစစ်ဆေးပြီး ရှမ်းကန်၏အရှေ့ဘက်ခြမ်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်ပွဲ တက်ရောက်



**နေပြည်တော် မေ ၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဒက္ခိဏသီရိမြို့နယ် သမိုင်းဝင်ရန်အောင်မြင်ရွှေလက်လှစေတီတော် ပရိဝုဏ်အတွင်းရှိ မင်္ဂလာကန်တော်အတွင်း ရေနည်းပါးမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေများခန်းခြောက်လျော့နည်းမှု၊ ရေသယ်မော်တော်ယာဉ်များဖြင့် ရေပြန်လည်ဖြည့်သွင်းနေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က အချိန်တိုအတွင်း သတ်မှတ်ရေပမာဏ ပြည့်မီအောင် ဆောင်ရွက်နိုင်စေရေးနှင့် လိုအပ်သည်များကို မှာကြားသည်။(ယာပုံ)

အဆိုပါ မင်္ဂလာကန်တော်၏ အကျယ်မှာ ၂ ဒသမ ၂ ကေကျယ်ဝန်းပြီး အနက် ၁၀ ပေရှိကာ ရေဂါလန် ၇ ဒသမ ၂ သန်းခန့်ဝင်ဆံ့၍ ယခင်ကန်ဟောင်းကို ၂၀၁၈ ခုနှစ်တွင် ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ခဲ့သည်။ လက်ရှိတွင် ရေအနက် ၃ ပေရှိကာ ရေဂါလန် ၂ ဒသမ ၂ သန်းခန့်ရှိပြီး ရေနေသတ္တဝါများ အသက်ရှင်နေနိုင်ရန်အတွက် ရေဂါလန် ၁ ဒသမ ၃ သန်းခန့် ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိရာ လိုအပ်သည့် ရေဂါလန်အား ဖြည့်သွင်းပေးနိုင်ရေးအတွက် နေပြည်တော်ကောင်စီ နေပြည်တော်စည်ပင်သာယာရေးကော်မတီ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် Authentic Co;Ltd တို့က ရေသယ်မော်တော်ယာဉ်များအတွက် စက်သုံးဆီဖိုးများ လှူဒါန်းပြီး ရေများဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်အဖွဲ့သည် ကန်တော်မင်္ဂလာရှမ်းကန် ရှင်းလင်းဆောင်၌ ကျင်းပသည့် ကန်တော်မင်္ဂလာ ရှမ်းကန်၏ အရှေ့ဘက်ခြမ်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့တက်ရောက်ပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများထံ အလှူရှင်များက အလှူငွေကျပ် သိန်း ၈၅၀ ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူရှင်များကိုယ်စားအလှူရှင်တစ်ဦးက အလှူငွေလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက လုပ်ငန်းအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က အလှူရှင်များ လှူဒါန်းသည့် အလှူငွေများနှင့်ပတ်သက်၍ စနစ်တကျစီမံခန့်ခွဲသုံးစွဲနိုင်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကန်၏ အရှေ့ဘက်ခြမ်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေသည့် စက်ယန္တရားများ၏ ယာဉ်မောင်းများအား ဂုဏ်ပြုငွေများပေးအပ်သည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်အဖွဲ့သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးပရိဝုဏ်တော်ရှိ ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားတွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်မည့် မဟာဗောဓိပင်တော်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မဏ္ဍပ်တည်ဆောက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့၌ (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



မော်လမြိုင် မေ ၁

**မွန်ပြည်နယ် မော်လမြိုင်မြို့၌ (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို မေ ၁ ရက်က အမှတ်(၅) တပ်မတော်ခုတင်(၃၀၀)ဆေးရုံတွင် ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။**

အဆိုပါ သွေးလှူဒါန်းပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်း သွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး သွေးလှူဒါန်းသူများအား အားဖြည့်ဆေးဝါးများ၊ အချိုရည်၊ အစားအစာနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ (ဝဲပုံ)

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများသည် အမှတ်(၅) တပ်မတော် ခုတင် (၃၀၀) ဆေးရုံတွင် ဆေးကုသမှု ခံယူနေသော တပ်မတော်သားများအား လှည့်လည်ကြည့်ရှု၍ ထောက်ပံ့ငွေနှင့် အာဟာရဖြည့်စွက်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*❖ကျောဖုံးမှ*

ငွေကျပ် ၄၅၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

*❍ကျောဖုံးမှ*

အုပ်စုတွင်း အင်အားအနည်းဆုံးဖြစ်သည့် တီမောအသင်းနှင့် စတင်ကစားရခြင်းဖြစ်ပြီး အမှတ်ပြည့်အပြင် သွင်းဂိုးများများလည်း သွင်းယူထားနိုင်ရန် လိုအပ်နေသည်။ တီမောအသင်းမှာမူ ပထမပွဲတွင် အိမ်ရှင်ကမ္ဘောဒီးယားကို လေးဂိုးပြတ်အရေးနိမ့်ထားသည်။ အိမ်ရှင်ကမ္ဘောဒီးယား အသင်းမှာမူ ဖိလစ်ပိုင်ကို ထပ်မံအနိုင်ရပါက ဆီမီးဖိုင်နယ် တက်ရောက်ရန် မျှော်လင့်ချက် ပိုအားကောင်းသွားမည်ဖြစ်သည်။

ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာယူ - ၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား ဖိုက်အွန်ဘိုင်နာက ကိုင်တွယ်နေပြီး ပထမဆုံးနိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ရခြင်းလည်း ဖြစ်သည်။ လက်ရှိဖွဲ့စည်းထားသည့် မြန်မာ ယူ-၂၂ အသင်းတွင် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ဖူးသည့် ကစားသမား အနည်းငယ်သာ ပါဝင်လာသည်။ မြန်မာအသင်းသည် တီမောအသင်းနှင့် ဆီးဂိမ်းပြိုင်ပွဲ သုံးကြိမ်ဆက်တိုက် အုပ်စုအဆင့်တွင် တွေ့ဆုံခြင်းဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**

# ပဲခူးတက္ကသိုလ် ငွေစုငွေချေး သမဝါယမအသင်းလီမိတက်က အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ပဲခူး မေ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးတက္ကသိုလ်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။ အဆိုပါ အစည်းအဝေးသို့ အသင်းဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းသား အသင်းသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာအေးအေးခိုင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အဖွဲ့ဝင် ဒေါ်နီလာထွန်းက ဆောင်ရွက်သည်။ ဘဏ္ဍာရေးရှင်းတမ်းကို ပဲခူးမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူးဦးသိန်းမော်က ရှင်းလင်းဖတ်ကြားပြီး သဘာပတိက တက်ရောက်လာသော အသင်းသား အသင်းသူများထံမှ အတည်ပြုချက်ရယူသည်။ ထို့နောက် အသင်းမှ စုဆောင်းငွေပေါ်အတိုးနှင့် အစုပေါ်အမြတ် စုစုပေါင်း ငွေကျပ် ၄၆ သိန်းကျော်အား အသင်းသား ပြည်သူများသို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# မွန်မြတ်ပြည့်စုံ လကဆုန် သွန်းကြညောင်ရေပွဲ

ဆုလတ်မေမေ

ကဆုန်လသည် မြန်မာ့ ၁၂ လရာသီတွင် ဒုတိယမြောက်လဖြစ်သည်။ ကဆုန်လ၏ သာယာပုံအစုံစုံကို ရှေးစာဆိုကြီးများက စာပန်းချီအမျိုးမျိုး သီကုံးဖွဲ့ဆိုခဲ့ကြသည်။ ယင်းတို့အနက် “ တစ်ပုံတစ်ခန်း၊ ကဆုန်ဆန်းဖို့၊ ယုန်စန်းငွေလ၊ စန္ဒရနှင့် ပုဏ္ဏားတာရာ၊ ကြယ်ဝိသာလည်း၊ အာကာမြင့်ခေါင်၊ ကွန့်ရှန်းငယ်ပြောင်သည်၊ တိမ်မှောင်ကြွေလို့ လင်းတော့တယ်”ဟု စာဆိုဦးကြင်ဥက ရာသီဖွဲ့ကို ဖော်ကျူးခဲ့သည်။

တန်ခူးလသည် ပူသကဲ့သို့ ကဆုန်လသည်လည်း ပူသောကြောင့် တန်ခူးကဆုန်သည် ဆွေ့ဆွေ့ခုန်အောင်ပူပေသည်။ ပုရစ်ဖူး၊ ပုရစ်ငုံလေးများသည် အစီအရီအညီအညာ၊ ကြွကြွရွရွ၊ လှလှပပဖြင့် လောက၏ အလှတန်ဆာကို ဆင်နေသည်။ ကဆုန်လသည် နွေလဖြစ်သည့်အားလျော်စွာ ဆည်မြောင်း၊ ကန်ချောင်း၊ ရေတွင်းရေအိုင်တို့ ရေခန်းရေပြတ်သည့်လဖြစ်သည်။ ပုဂံခေတ်ကျောက်စာများတွင် ကဆုန်လကိုကုဆန်ဟု အရေးများသည်။ ကုဆုန်မှကဆုန်သို့ ရွေ့လျားလာခြင်းဖြစ်ပြီး ကုသည် ရေ၊ ဆုန်သည် သွန်းလောင်းခြင်းဖြစ်၍ ကဆုန်လကို ရေသွန်းလ၊ ရေလောင်းလဟု အနက်ကောက်ယူ၍ရသည်။

### ညောင်ရေသွန်းပွဲတော်ကျင်းပပုံ

ကဆုန်လသည် ခြောက်သွေ့သောလဖြစ်သည့်အလျောက် တောင်သူဦးကြီးများ အလုပ်အားကြသည်။ ထို့ကြောင့် ညောင်ရေသွန်းပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ စည်ကားစွာ ကျင်းပကြသည်။ ကဆုန်လပြည့်နေ့မရောက်မီ တစ်ရက်အလိုတွင် ရေသွန်းလောင်းကြမည့် ညောင်ပင်ကိုထုံးသုတ်ကြသည်။ အမှိုက်သရိုက်များ ရှင်းလင်းထားကြသည်။ ဗောဓိပင်ကို ညောင်ရေသွန်းလောင်းခြင်းသည် မြတ်စွာဘုရားဟောကြားတော်မူသည့် သံဝေဇနိယလေးဌာနနှင့် သက်ဆိုင်သည်။

သံဝေဇနိယလေးဌာနမှာ ရှင်တော်မြတ်ဘုရားဖွားမြင်ရာဖြစ်သော လုမ္ဗိနီဥယျာဉ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူသော မဟာဗောဓိညောင်ပင်၊ ဓမ္မစကြာတရားဦးဟောကြားတော်မူသော မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်ပြုသော ကုသိနာရုံတို့ဖြစ်သည်။ ထိုလေးဌာနသည် သဒ္ဓါရှင်ကြည် ဖူးမြော်ထိုက်သော၊ သံဝေဂရစေနိုင်သော ဌာနများဟု မြတ်စွာဘုရားက ဟောကြားတော်မူသည်။ ထိုသို့ ဟောကြားချက်ကိုနာယူလျက် ကဆုန်လ ရေခန်းရေခြောက်ချိန်တွင် ဘုရားပွင့်တော်မူရာ ဗောဓိပင်ကို ကြည်ညိုသဒ္ဓါပွားများမှုကို ဦးတည်လျက် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ရှေးယခင် ဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပင် မဟာဗောဓိညောင်ပင်ကို ရေသွန်းလောင်းကြသည့် ယဉ်ကျေးမှုဓလေ့သည် တည်ရှိခဲ့သည်။ ဘုရားရှင်ရှိတော်မူစဉ်က ပသေနဒီကောသလမင်းကြီးသည် အာနန္ဒာဗောဓိပင်ကို အမွှေးနံ့သာရည်တို့ဖြင့် သွန်းလောင်းပူဇော်ခဲ့သည်။ သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင်လည်း သီရိဓမ္မာသောကမင်းကြီးသည် ဒက္ခိဏသာခါ မဟာဗောဓိပင်ကို အနောဝတတ်ရေစင်ဖြင့် အကြိမ်ကြိမ်သွန်းလောင်းခဲ့သည်။ ထို့ကြောင့် ညောင်ရေသွန်းပွဲတော်သည် ရှေးမြန်မာမင်းများလက်ထက်ကပင် စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ကြသည့် ကိုယ်ပိုင်ဓလေ့ ကိုယ်ပိုင်ပွဲတော်ဖြစ်ပြီး ယနေ့ထိတိုင် ဆင်ယင်ကျင်းပလာခဲ့သည်။



❖ မြန်မာတို့သည် မဟာဗောဓိညောင်ပင်ကို ပရိဘောဂစေတီအဖြစ် ထည့်သွင်းသတ်မှတ် ပူဇော်ကြသည်။ မြတ်စွာဘုရားပွင့်တော်မူရာ မြင့်မြတ်သောသစ်ပင်အဖြစ် အလေးအမြတ်ထားခြင်းဖြစ်သည်။ ညောင်ရေသွန်းလောင်းခြင်းသည် ပရိဘောဂစေတီကို ရေသပ္ပာယ်ခြင်း၊ ဗုဒ္ဓမြတ်စွာဘုရားအား ရည်စူးပူဇော်ခြင်းပင်ဖြစ်သည်။ မြန်မာ့သမိုင်းတွင် အစောဆုံး ဗောဓိညောင်ပင်ကို အေဒီ ၁၀၄၄ ခုနှစ်တွင် နန်းတက်သော အနော်ရထာမင်းမြတ်က စိုက်ပျိုးသည်။ မထေရ်မြတ်ရှင် အရဟံနှင့်အတူ ပင်းယမြို့သို့သွားရောက်ပြီး ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားခြင်း အထိမ်းအမှတ်အဖြစ် စိုက်ပျိုးခြင်းဖြစ်”

### မြန်မာတို့၏ ပွဲတော်စစ်စစ်

ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းခြင်းသည် မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့အစဉ်အလာ၊ မြန်မာနည်းမြန်မာ့ဟန်ပွဲတော်တစ်ခုဟု ဆိုနိုင်သည်။ မြန်မာ့ပွဲတော်စစ်စစ်ဟု မှတ်ယူရမည်ဖြစ်သည်။ ကဆုန်လပြည့်နေ့တွင် ရေအိုးကိုယ်စီရွက်၍လည်းကောင်း၊ တချို့မှာ ဆိုင်းထမ်းများထမ်း၍လည်းကောင်း ဗောဓိညောင်ပင်ရှိရာသို့သွား၍ ရေစင်သွန်းလောင်းကြသည်မှာ ယဉ်ကျေးသိမ်မွေ့ ကျက်သရေပြည့်ဝလှသောမြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့အသွင်သဏ္ဌာန်ပင်ဖြစ်သည်။

မြန်မာတို့သည် မဟာဗောဓိညောင်ပင်ကို ပရိဘောဂစေတီအဖြစ် ထည့်သွင်းသတ်မှတ်ပူဇော်ကြသည်။ မြတ်စွာဘုရားပွင့်တော်မူရာ မြင့်မြတ်သော သစ်ပင်အဖြစ် အလေးအမြတ်ထားခြင်းဖြစ်သည်။ ညောင်ရေသွန်းလောင်းခြင်းသည် ပရိဘောဂစေတီကို ရေသပ္ပာယ်ခြင်း၊ ဗုဒ္ဓမြတ်စွာဘုရားအား ရည်စူးပူဇော်ခြင်းပင်ဖြစ်သည်။ မြန်မာ့သမိုင်းတွင် အစောဆုံးဗောဓိညောင်ပင်ကို အေဒီ ၁၀၄၄ ခုနှစ်တွင် နန်းတက်သော အနော်ရထာမင်းမြတ်က စိုက်ပျိုးသည်။ မထေရ်မြတ်ရှင် အရဟံနှင့်အတူ ပင်းယမြို့သို့သွားရောက်ပြီး ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားခြင်းအထိမ်းအမှတ်အဖြစ် စိုက်ပျိုးခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဗောဓိညောင်ပင်စိုက်ပျိုးသော ဓလေ့မှာ မျက်မှောက်ခေတ်အထိ ဆက်လက်ရှင်သန်ဆဲဖြစ်သည်။ ရွှေတိဂုံစေတီတော် အနောက်မြောက်ထောင့်တွင်ရှိသော ဗောဓိညောင်ပင်ကို မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ယင်းဗောဓိပင်တစ်ဝိုက်တွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ၁၉၀၅ ခုနှစ်ခန့်က စိုက်ပျိုးခဲ့သော ဗောဓိပင်ရှိသည်။ ထိုညောင်ပင်ကို ဗောဓိညောင်ပင်ဟုခေါ်ဝေါ်ပြီး ကဆုန်လပြည့်နေ့ရောက်တိုင်း ညောင်ရေသွန်းလောင်းကြသည်။ ကမ္ဘာအေးသီရိလင်္ကာ ဗောဓိပင်၊ မဟာဝိဇယစေတီနှင့် ရွှေတိဂုံကုန်းတော်ရှိ လွတ်လပ်ရေးဗောဓိပင်တို့မှာ ထင်ရှားသည့်ဗောဓိပင်များဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အနီးတွင် ဗောဓိပင်ပျိုး ၁၀၀၀ စိုက်ပျိုးရာမှ ထိုနေရာကို ဗောဓိတစ်ထောင်ဟု ယနေ့အထိ အမည်တွင် ထင်ရှားကျော်ကြားလျက်ရှိသည်။ ကဆုန်လပြည့်နေ့၊ ညောင်ရေသွန်းလောင်းခြင်းသည် အပါယ်တံခါးပိတ်သည်ဟု အယူအဆရှိပြီး ညောင်ကိုင်းကို ဝါးလုံးနှင့်ညောင်ထောက်ပါက အသက်ရှည်သည်ဟု အယူအဆရှိကြသည်။

### ဗုဒ္ဓသာသနာတော်နှင့် မြန်မာ့ယဉ်ကျေးမှုဓလေ့

ဗုဒ္ဓသာသနာတော်နှင့်ပတ်သက်၍ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နှစ်သစ်မင်္ဂလာအခါတော်နေ့၊ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓအခါတော်နေ့၊ နယုန်လပြည့်နေ့တွင် မဟာသမယအခါတော်နေ့၊ ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာအခါတော်နေ့၊ ဝါခေါင်လပြည့်နေ့တွင် မေတ္တာအခါတော်နေ့၊ တော်သလင်းလပြည့်နေ့တွင် ဂရုဓမ္မအခါတော်နေ့၊ သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာအခါတော်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလအခါတော်နေ့၊ နတ်တော်လပြည့်နေ့တွင် ဓမ္မစာဆိုတော်များနေ့၊ ပြာသိုလပြည့်နေ့တွင် ရှင်တစ်ထောင်အခါတော်နေ့၊ တပို့တွဲလပြည့်နေ့တွင် ဩဝါဒပါတိမောက်အခါတော်နေ့နှင့် တပေါင်းလပြည့်နေ့တွင် မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်အခါတော်နေ့တို့ကို ဘာသာရေးအထိမ်းအမှတ်နေ့များအဖြစ် ရှေးယခင်ကာလမှယနေ့အထိ အစဉ်အလာမပျက် ကျင်းပခဲ့ကြသည်။

အလားတူ ရှေးအခါ ဘိုးဘွားမိဘဆရာသမားတို့သည် မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များဖြစ်သည့် တန်ခူးလသင်္ကြန်ပွဲ၊ ကဆုန်လညောင်ရေသွန်းပွဲ၊ နယုန်လစာပြန်ပွဲ၊ ဝါဆိုလ ဝါဆိုပွဲ၊ ဝါခေါင်လ စာရေးတံမဲပွဲ၊ တော်သလင်းလ လှေပြိုင်ပွဲ၊ သီတင်းကျွတ်လ မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ ကထိန်ပွဲ၊ နတ်တော်လ စာဆိုတော်ပွဲ၊ ပြာသိုလ မြင်းခင်းပွဲ၊ တပို့တွဲလ ထမနဲပွဲ၊ တပေါင်းလ သဲပုံစေတီပွဲ စသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ပွဲတော်များကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေပေးထားခဲ့ကြသည်။

မျက်မှောက်ကာလတွင်မူ အဆိုပါမြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များသည် စိန်ခေါ်မှုပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့လျက်ရှိပြီး အချို့သောမြန်မာများ ကိုယ်နှိုက်က မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ရိုးရာ ဝိသေသလက္ခဏာများအပေါ် လေးစားတန်ဖိုးထားမှုနည်းပါးလာကြသည်။ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကို အရောင်အမျိုးမျိုးဆိုးလာကြသည်။ အိမ်နီးချင်းနိုင်ငံအချို့ကလည်း ကမ္ဘာလှည့်ခရီးသွားများကိုဖိတ်ခေါ်နိုင်ရန် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များကို ပုံတူကူးချ၍ ကိုယ်ပိုင်ယဉ်ကျေးမှုအဖြစ် ဖော်ဆောင်မှုအချို့ ရှိလာကြသည်။ ဤသို့ဖြင့် နှစ်ပေါင်းထောင်ချီ တည်တံ့ခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တို့သည် တစ်စတစ်စ အရိုးပေါ်အရွက်ဖုံးကာ ယဉ်ကျေးမှုကွယ်ပျောက်လုနီးပါးဖြစ်နေသည်။

မြန်မာ့ရိုးရာပွဲတော်များသည် မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်များသာမက ဘာသာ၊ သာသနာဆိုင်ရာ နီးနွယ်ပတ်သက်မှုများလည်း ပါဝင်သဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းရမည့် အရာများဖြစ်သည်။ ကဆုန်လရှိ ညောင်ရေသွန်းပွဲတော်သည်လည်း ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် စေတနာ၊ သဒ္ဓါတရားကို ရှေ့တန်းတင်ကာ ဆင်ယင်ကျင်းပသော ချစ်စရာမြန်မာ့ယဉ်ကျေးမှုပွဲတော်တစ်ရပ်ဖြစ်ပြီး ညောင်ရေသွန်းပွဲတော်ကို အနယ်နယ်အရပ်ရပ်ရှိ ထင်ရှားသော ဘုရားစေတီဝင်းများအတွင်းရှိ ဗောဓိညောင်ပင်များတွင် ကျင်းပလေ့ရှိသည်။ အချို့သောဒေသများတွင် ဝတ်အသင်းအဖွဲ့များက တစုတစည်းတည်း၊ တညီတညွတ်တည်း ညောင်ရေသွန်းလေ့ရှိသည်။ သို့ဖြစ်ရာ ကဆုန်လ၏ ပွဲတော်တစ်ခုဖြစ်သည့် ညောင်ရေသွန်းပွဲတော်သည် မြန်မာ့ရိုးရယဉ်ကျေးမှုတစ်ရပ်အနေဖြင့်သာမက ဗုဒ္ဓဘာသာတို့၏ ဘာသာရေး အထွတ်အမြတ်ပွဲတော်တစ်ခုလည်းဖြစ်သဖြင့် ဆက်လက်ထိန်းသိမ်းသွားရမည့်ပွဲတော်တစ်ခုဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

# မောက်မယ်မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် မောက်စံဘုန်းတော်ကြီးကျောင်း နှစ်(၁၅၀)ပြည့် အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**မောက်မယ် မေ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ရှေးဟောင်းသမိုင်းဝင် မောက်စံဘုန်းတော်ကြီးကျောင်း နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် ဆိုင်းဘုတ်ဖဲကြိုးဖြတ်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် မောက်စံကျောင်းထိုင်ဆရာတော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်၊ ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းအွတ်၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းဆိုင်ဟန်နှင့် ဒေသခံရပ်မိရပ်ဖ ဦးတင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်ကို ဆရာတော်သံဃာတော်များက ဇယန္တောဗောဓိယာမူလေ အောင်ဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်ပြီး ဒေသခံရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက အဆိုအကများဖြင့် ကပြဖျော်ဖြေခဲ့ပြီး ရှေးဟောင်းသမိုင်းဝင် မောက်စံ ဘုန်းတော်ကြီးကျောင်းနှင့် ပတ်သက်၍ ရှေးဟောင်းသမိုင်းဝင်ပစ္စည်းများနှင့် ဒေသထွက်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုအခြေအနေကို တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ လှည့်လည်ကြည့်ရှုပြီး ရှေးဟောင်းသမိုင်းဝင် မောက်စံဘုန်းတော်ကျောင်း နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကို မေ ၃ ရက်အထိ နေ့စဉ်ပျော်ပွဲရွှင်ပွဲများဖြင့် ညစဉ် အဆို၊ အကများနှင့် ကပြဖျော်ဖြေသွားမည်ဖြစ်ပြီး ရပ်ဝေးရပ်နီးမှ ကြွရောက်လာကြမည့် ဓမ္မမိတ်ဆွေများအား နေ့စဉ်ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



# (၇၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်း

**မုဒုံ မေ ၁**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် မုဒုံမြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှ စတင်ကာ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဖုန်းမြင့်အေး ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကမာဝက်မြို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတ အသင်းအဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ် သုံးစီး ၊ မီးငြိမ်းသတ်ယာဉ် လေးစီးတို့ဖြင့် သောက်သုံးရေပြတ်လပ်နေသော ကမာဝက်မြို့ စိန်တောင်ရပ်ကွက်နှင့် ထောင်ကေးရပ်ကွက်ရှိ အိမ်ခြေ ၁၇၆ အိမ်အတွက် ရေဂါလန် စုစုပေါင်း ၈၈၀၀ ကို အိမ်တိုင်ရာရောက် လိုက်လံလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သားငယ် (ပြန်/ဆက်)**



# မချမ်းဘော၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်း လက်မှတ်ပေးအပ်



**မချမ်းဘော မေ ၁**

ကချင်ပြည်နယ် မချမ်းဘောမြို့၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သော နွေရာသီအခြေခံအားကစားသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၃၀ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန တာဝန်ခံ နည်းပြ (နည်းစနစ်) ဒေါ်ခင်လင်းစိန်က သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဂျီယောနသန်က သင်တန်းသားများအနေဖြင့် သင်တန်းမှာ အခြေခံအားကစားနည်းများကို သင်ယူတတ်မြောက်ပြီး အစဉ် လေ့ကျင့်နေကြရန် လိုအပ်ကြောင်း၊ အားကစားသမားကောင်းများ ဖြစ်လာစေရန် များများလေ့ကျင့်ရမည် ဖြစ်ကြောင်း ထည့်သွင်းပြောကြားကာ သင်တန်းဆင်းလက်မှတ်နှင့် အားကစားဝတ်စုံများကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံယူသည်။

အဆိုပါ အားကစားသင်တန်းကို ဧပြီ ၁၈ မှ ၂၉ ရက်အထိ သင်တန်းသား ၈၀ တို့အား အခြေခံ ဘောလုံးကစားနည်း၊ ပြေးခုန်ပစ်ကစားနည်း၊ Physical Fitness Dance အားကစားနည်းများကို အခမဲ့သင်ကြားပေးခဲ့သော သင်တန်းဖြစ်ကြောင်း သိရသည်။

**ယောရှွေနီ(မချမ်းဘော)**

*စာမျက်နှာ ၁၀ မှ*

### မွန်မြတ်ပြည့်စုံလကဆုန်

ကဆုန်ညောင်ရေသွန်းခြင်းသည် ဘာသာသာသနာရေးအရ ပြုလုပ်ခြင်းသာမက "တန်ခူးရေကုန် ကဆုန်ရေခန်း" ဆိုသည့်အတိုင်း ပူပြင်းသည့် နွေကာလ ကဆုန်လတွင် သစ်ပင်ပန်းမန်များ ညှိုးနွမ်းခြောက်သွေ့ခြင်း မရှိစေရန်အတွက် မိုးရွာသွန်းစေရန် တောင်းဆုယူသည့် ဆန္ဒများပါရှိသည်။ ဂေါတမဘုရားရှင် ပွင့်တော်မူခဲ့သည့် ဗောဓိညောင်ပင်၏ ဆင့်ပွားဗောဓိညောင်ပင်များကို အမွှေးနံ့သာရေများ၊ သန့်စင်သောရေများဖြင့် သွန်းလောင်းပူဇော်ခြင်း၊ အလှူဒါနများပြုခြင်း၊ သီတင်းသီလဆောက်တည်ခြင်း၊ မြတ်စွာဘုရားအား ပန်း၊ ဆီမီး၊ အမွှေးတိုင်များဖြင့် ပူဇော်ကြသည်မှာ မြန်မာပြည်သူအပေါင်း၏ ကောင်းမြတ်သည့် မြန်မာ့ဓလေ့ကို ပေါ်လွင်စေသည်။

ညောင်ရေသွန်းပွဲတော်သည် ဗုဒ္ဓဘာသာဝင်မြန်မာတို့၏ ဘာသာရေးပွဲတော်ဖြစ်ပြီး ဂိမှာနဟုဆိုအပ်သော နွေဥတု၏ နောက်ဆုံးလဖြစ်သည့် ကဆုန်လပြည့်နေ့တွင် ကျင်းပကြသည်။ ထိုနေ့သည် ဗုဒ္ဓဘုရားရှင် ဖွားမြင်တော်မူသောနေ့၊ ဘုရားအဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့ စသည့်ဘုရားရှင်နှင့် စပ်လျဉ်း၍ အမှတ်တရနေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် မင်္ဂလာအပေါင်းနှင့် ခညောင်းသည့် ပွဲတော်တစ်ရပ်ဖြစ်သည်။ ကဆုန်လပြည့်နေ့ကို ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကြပြီး ဤကဆုန်လပြည့်နေ့တွင်ပင် မာရ်နတ်ကို အောင်မြင်တော်မူသောကြောင့် ကဆုန်လပြည့်နေ့ကို ဝိသာခါနက္ခတ်နှင့်ယှဉ်ပြီး ဝိသာခါဒေးဟုလည်း ခေါ်ဆိုကြသေးသည်။

ကဆုန်လသည် နွေရာသီမှ မိုးရာသီသို့ ကူးပြောင်းသည့် စပ်ကူးမပ်ကူးကာလဖြစ်သဖြင့် နွေရသကို ခံစားရသလို မိုးရနံ့ကို စတင်ရရှိသည့်ကာလလည်းဖြစ်သည်။ အဟောင်းမှအသစ်၊ အပူမှအအေးသို့ ကူးပြောင်းသည့်လဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တို့၏ အရေးကြီးသော ရက်မြတ်၊ အရေးပါသော ပွဲတော်များ တည်ရှိနေသောလဖြစ်သည်။ သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဘာသာရေးပွဲတော်အဖြစ် ဆက်လက်တည်တံ့စေရန် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း ဘာသာရေးအသိဖြင့် ကြိုးစားအားထုတ်ရင်း "ပန်းစကားဝါ၊ နန်းဘမရာကေသီဆင်လို့၊ ရွှေပြည်ခွင်ဗိုလ်ပါပေါင်းရယ်တို့၊ ငြိမ့်ညောင်းအောင် ထာဝစဉ်ဖြင့် ခါသဘင်ညောင်ရေသွန်းကြတယ်၊ လွမ်းစရာ့ပွဲ" ဟူသော စာဆိုတော်ဦးပြုံးချို၏ ကဆုန်လဘွဲ့ဖြင့် "မွန်မြတ်ပြည့်စုံ လကဆုန်သွန်းကြညောင်ရေပွဲ" ဟု တင်စားချင်ပါတော့သည်။ ။

**ကျမ်းကိုး**

**မြန်မာ့အလင်းသတင်းစာ(၄/၂၀၂၂)**

**မြန်မာ့တစ်ဆယ့်နှစ်လရာသီပွဲတော်**

## လကဆုန်

❒ ကြယ်မင်းတာရာ၊ ဝိသာခါနှင့်
ရောင်ဝါထိန်လင်း၊ ရွှေလမင်းလည်း
ပဝင်းကာသာ၊ ယှဉ်ဖက်လာသော်
ခါလ ကဆုန်၊ နေအဟုန်လျှင်
ဆွေ့ခုန်လောက်မျှ၊ ပူရှိန်ပြသည်
ပြိသ္ဘရာသီချိန်ခါတော်။

❒ ရာသီပြိသ္ဘ၊ ကဆုန်လ
ပန်းလှမာလာ၊ စကားဝါတို့
မှန်စွာကြိုင်သင်း၊ ဂနိုင်တွင်းဝယ်
မိုးမင်းဖြိုင်ဖြိုင်၊ မြေနံ့လှိုင်အောင်
မြိုင်ယံတောကြီး၊ မိုးစည်တီးအောင်
ရောင်ညီးထိန်ထိန်၊ လျှပ်ပန်းရှိန်အောင်
ဂိမှာန်လယ်မိုး မြေကိုနိုးလေ
ရွှေမိုးငွေမိုးရွာဖြိုးစေ။

❒ ဂိမှာန်လယ်မိုး၊ ပြည်တစ်ရိုးဝယ်
စေဖြိုးခဏ၊ ပူရှိန်ပြသော်
မြန်မာ့စဉ်လာ၊ မင်္ဂလာနှင့်
သွန်းကာညောင်ရေ၊ အေးမြစေရန်
နွေကာလတွင်၊ ဗောဓိပင်အား
ရေစင်ညွှန်းကာ၊ သာသနာကို
ရှည်ကြာဖို့တည်၊ ကောင်းမှုရည်
ရွှေပြည်ငြိမ်းချမ်းသာမြဲကို။ ။

**မောင်လေပြေ (တောင်တွင်း)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ဒေသန္တရလေ့လာရေးများဆောင်ရွက်

**နေပြည်တော် မေ ၁**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော် (ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၁၅ ဦး၊ မြိတ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်စခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများသည် အခြားဗဟုသုတရဖွယ်နေရာများသို့လည်း သွားရောက်လေ့လာခဲ့ကြရာ သက်ဆိုင်ရာနေရာအသီးသီးအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးကြသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်း လူငယ်စခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများမှ သင်တန်းသား သင်တန်းသူများ လေကြောင်းအသိပညာနှင့် ဒေသန္တရဗဟုသုတ တိုးပွားလာစေရန် ရည်ရွယ်၍ ယနေ့တွင် သက်ဆိုင်ရာသင်တန်းစခန်းများမှ သင်တန်းသားများ၊ နည်းပြ/အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများကဦးစီး၍ တပ်မတော်(လေ)လေတပ်စခန်း ဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များသို့လည်းကောင်း (ဝဲပုံ)၊ အခြားဗဟုသုတရဖွယ်နေရာများနှင့် ဒေသအလိုက် အထင်ကရနေရာများသို့လည်းကောင်း သွားရောက်လေ့လာခဲ့ကြပြီး သက်ဆိုင်ရာနေရာအသီးသီးအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၁**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကို ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် အလင်းဝင်ရောက်လာသူတစ်ဦးက ၎င်းကိုင်ဆောင်ခဲ့သည့်လက်နက်ကို ဒုတိယတိုင်းမှူးထံသို့ အပ်နှံသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ PDF အဖွဲ့ဝင် အမျိုးသား ကိုးဦးကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများပေးအပ်ရာ PDF အဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက PDF အလင်းဝင်ရောက်လာသူများ ဖော်ထုတ်ပေးအပ်ခဲ့သော ကာဘိုင်သေနတ် တစ်လက်၊ ကျည်အိမ်၊ ကျည်ဆန်များ၊ လက်လုပ်မိုင်းမျိုးစုံနှင့် မိုင်းဖောက်ခွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ယမ်းမျိုးစုံတို့ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆူဒန်လက်နက်ကိုင်နှစ်ဖွဲ့ကြား နောက်ထပ် ၇၂ နာရီ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ

ခါတွန် မေ ၁

**ဆူဒန်နိုင်ငံ၌ လက်နက်ကိုင်နှစ်ဖွဲ့ကြား ဧပြီ ၁၅ ရက် ညသန်းခေါင်ယံမှ စတင်သက်ရောက်မှုရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အသစ် ၇၂ နာရီ ရပ်စဲကြောင်း သဘောတူညီမှုကို ဧပြီ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။**

ဆော်ဒီ - အမေရိကန် ကြားဝင်ဖျန်ဖြေမှု၏ ကြိုးပမ်းအားထုတ်မှုနှင့် တောင်းဆိုမှုအပေါ် အခြေခံ၍ ဆူဒန်စစ်တပ်အနေဖြင့် နောက်ထပ် ၇၂ နာရီ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သက်တမ်းတိုးမှုကို သဘောတူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် Rapid Support Forces (RSF) ဟု လူသိများသော လက်နက်ကိုင်အဖွဲ့ကလည်း ၎င်းတို့ဘက် အနေဖြင့် နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ဒေသခံများ၏ တောင်းဆိုမှုများကို တုံ့ပြန်သောအားဖြင့် ဧပြီ ၃၀ ရက် ညသန်းခေါင်ယံမှစတင်ကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို နောက်ထပ် ၇၂ နာရီ သက်တမ်းတိုးကြောင်း ကြေညာလိုက်သည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဖြတ်သန်းသွားလာမှုရရှိရန်၊ နိုင်ငံသားများ ရွှေ့ပြောင်းသွားလာရာတွင် လွယ်ကူချောမွေ့စေရန်နှင့်ဘေးလွတ်ရာသို့ရောက်ရှိရန် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို သက်တမ်းတိုးခြင်းဖြစ်ကြောင်း RSF က ပြောသည်။

လက်ရှိအချိန်အထိ ဆူဒန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုအတွင်း သေဆုံးသူ ၅၀၀ ကျော်နှင့် ထိခိုက်ဒဏ်ရာရရှိသူ ၄၀၀၀ ကျော်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



ဆူဒန်နိုင်ငံ အွန်ဒါးမန်းမြို့ရှိ လေဆိပ်တစ်ခုအနီး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် စောင့်ဆိုင်းနေကြသူများကို ဧပြီ ၂၆ ရက်က တွေ့ရစဉ်။

# ဉာဏ်ရည်တု နည်းပညာကို အသုံးပြုရေး လုပ်ငန်းစဉ်တစ်ခုအား ဂျီ - ၇ မှ ဒစ်ဂျစ်တယ်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများ အတည်ပြု




ဂျီ - ၇ မှ ဒစ်ဂျစ်တယ်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးပြုလုပ်စဉ်။

**တိုကျို မေ ၁**

ဉာဏ်ရည်တု (AI) နည်းပညာကို သင့်လျော်စွာ အသုံးပြုရေးလုပ်ငန်းစဉ်တစ်ခုအား ဂျီ - ၇ မှ ဒစ်ဂျစ်တယ်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများက အတည်ပြုခဲ့ကြကြောင်း သိရသည်။

ဧပြီ ၃၀ ရက်တွင် ဂျပန်နိုင်ငံ ဂွန်းမစီရင်စု တာကာဆာကီမြို့၌ ပြုလုပ်သော ၎င်းတို့၏ နှစ်ရက်တာ အစည်းအဝေးအဆုံးသတ်ပြီးနောက်တွင် ဂျီ- ၇ ဝန်ကြီးများက ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ChatGPT နှင့် အခြား AI စနစ်များ အသုံးပြုမှုမြင့်တက်လာသည်နှင့်အမျှ အဆိုပါ ဝန်ကြီးများသည် AI စနစ်ကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရေးနှင့် ထိန်းချုပ်ရေး နည်းလမ်းများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည် ဟု ဆိုသည်။

ထိုကဲ့သို့သောစနစ်များ အသုံးပြုမှု လျင်မြန်စွာ တိုးတက်လာသောကြောင့် ကိုယ်ရေးအချက်အလက် ထိပါးမှုနှင့် သတင်းအချက်အလက်ပေါက်ကြားမှုများ နှင့်ပတ်သက်ပြီး စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးလေးစားလိုက်နာရန်အပါအဝင် သင့်လျော်စွာ AI အသုံးပြုခြင်းအတွက် ဂျီ -၇ ဝန်ကြီးများအနေဖြင့် သဘောတူခဲ့ကြကြောင်း အဆိုပါ ပူးတွဲကြေညာချက်က ဆိုသည်။ **အင်န်အိတ်ချ်ကေ**

# အာရှဒေသ၏ အနက်ရှိုင်းဆုံး ရေနံတွင်း စတင်တူးဖော်

**ပေကျင်း မေ ၁**

တရုတ်နိုင်ငံ၏ အကြီးဆုံး ရေနံဓာတုပစ္စည်း ကုမ္ပဏီက ဦးဆောင်၍ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်းဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အာရှဒေသ၏ အနက်ရှိုင်းဆုံး ရေနံနှင့် သဘာဝဓာတ်ငွေ့ တွင်းတူးဖော်မှုကို မေ ၁ ရက်က စတင်ဆောင်ရွက်ခဲ့သည်။



တာ့ခ်လီမာကန် သဲကန္တာရအစွန်းတွင်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကို တွေ့ရစဉ်။

တာ့ခ်လီမာကန် သဲကန္တာရ အစွန်းတွင်ရှိသော အဆိုပါရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းသည် အနက် ၉၄၇၂ မီတာရှိမည်ဟု မျှော်လင့်ထားကြောင်း တရုတ်နိုင်ငံ ရေနံနှင့် ဓာတုလုပ်ငန်း (စီနိုပက်) မှ ပြောကြားသည်။

စီနိုပက်ကုမ္ပဏီ၏အဆိုအရ အဆိုပါတွင်းသည် အလွန်နက်ရှိုင်းသော တွင်းတူးနည်းပညာတွင် တရုတ်နိုင်ငံ၏ ဦးဆောင်နေရာယူမှု၏ နောက်ထပ် သာဓကတစ်ခု ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံ၌ တစ်ရက်လျှင် လေးဦးခန့် အိတ်ချ်အိုင်ဗွီပိုးကူးစက်နေ

**ဖနောင်ပင် မေ ၁**

၂၀၂၂ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသား ၁၄၀၀ ခန့်သည် ခုခံအားကျဆင်းရောဂါ (အေအိုင်ဒီအက်စ်)ဖြစ်ပွားစေသော အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ခံခဲ့ရကြောင်း အမျိုးသားအဆင့် အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ အာဏာပိုင်အဖွဲ့၏ မေ ၁ ရက်က ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။ အဆိုပါ အစီရင်ခံစာအရ တစ်ရက်လျှင် လူလေးဦးခန့် အိတ်ချ်အိုင်ဗွီ ရောဂါပိုးကူးစက်ခံခဲ့ရကြောင်း ဖော်ပြနေသည်။

၁၉၉၆ ခုနှစ်မှစ၍ အိတ်ချ်အိုင်ဗွီရောဂါပိုး အမြင့်ဆုံးကူးစက်မှုနှုန်း ၉၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်တွင် ကူးစက်မှုနှုန်းမှာ ၃၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအတွက် ခိုင်မာသည့် တိုးတက်မှုများရရှိအောင် လုပ်ဆောင်နေကြောင်း အမျိုးသားအဆင့်အေအိုင်ဒီအက်စ်ရောဂါဆိုင်ရာ အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ လန်းမော်လီက မကြာသေးမီက ထွက်ရှိခဲ့သည့် ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

အစီရင်ခံစာအရ ၂၀၂၂ ခုနှစ် နှစ်ကုန်တွင် အိတ်ချ်အိုင်ဗွီပိုးရှိနေသူ ၇၆၀၀၀ ခန့်ရှိပြီး ၈၆ ရာခိုင်နှုန်းသည် ၎င်းတို့၌ အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသည်ကို သိရှိကြောင်း ဖော်ပြထားသည်။ **ဆင်ဟွာ**

# ၂၀၂၂ ခုနှစ်အတွင်း အာဖဂန်နိုင်ငံ၌ ဝါဂွမ်းတန်ချိန် ၇၂၀၀၀ ကျော်ထွက်ရှိ

**ကဘူးလ် မေ ၁**

၂၀၂၂ ခုနှစ်အတွင်း အာဖဂန်နစ္စတန်လယ်သမားများ၏ စိုက်ခင်းများမှ ဝါဂွမ်းတန်ချိန် ၇၂၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေးဝန်ကြီးဌာနက မေ ၁ ရက်တွင် ထုတ်ပြန်သည်။

ယမန်နှစ်က အာဖဂန်နစ္စတန်ရှိ လယ်မြေဧရိယာ ၅၄၈၆၉ ဟက်တာမှ ဝါဂွမ်း ၇၂၄၉၃ တန် ထွက်ရှိခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဘတ်ခ်၊ တာခါ၊ ခွန်းဒက်၊ ဘတ်ဂ်ဟန်၊ အရှေ့ပိုင်း နာဂါဟာ၊ အနောက်ပိုင်း ဟီရတ်နှင့် နင်မ်ရော့ဇ် ပြည်နယ်များသည် ယမန်နှစ်က ဝါဂွမ်းအများအပြား ထွက်ရှိခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် ဧပြီလတွင် ဘိန်းစိုက်ပျိုးခြင်းကို တားမြစ်ခဲ့ပြီးကတည်းက အာဖဂန်လယ်သမားများသည် တရားမဝင်သီးနှံများအစား ဝါဂွမ်း၊ ကုံကုမံ၊ ဆန်၊ ဂျုံနှင့် အခြားအပင်များကို အစားထိုးစိုက်ပျိုးလာကြကြောင်း သိရသည်။

**ဆင်ဟွာ**



# ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

**နေပြည်တော်  မေ ၁**

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ ရေရှင်ကျေးရွာ၊ ရေရှင်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုဇန (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၇)၊ သိက္ခာတော် (၆၇) ဝါအရ ၁၃၈၅–ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ (၂၉–၄–၂၀၂၃) စနေနေ့ နံနက် ၈:၀၀ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနအခမ်းအနားကို (၁–၅–၂၀၂၃) တနင်္လာနေ့တွင် ကျင်းပကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## တနင်္သာရီမီးသတ်ဦးစီးဌာနက မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**တနင်္သာရီ  မေ ၁**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ယနေ့ နံနက် ၇ နာရီက စပြီး မြဝတ်ဆင်စေတီတော်နှင့် ရှင်မအောင်သာ ကျောက်တိုင်တို့တွင် ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြသည်။



မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမျိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်စန္ဒာလင်းနှင့် တပ်ဖွဲ့ဝင် အမျိုးသမီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြိတ်လေကြောင်းရန်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် မြဝတ်ဆင်စေတီတော်ရင်ပြင်နှင့် အထက်ပစ္စယာများ၊ ငြိမ်းချမ်းရေးဘုရားများနှင့် နဂါးရုံဘုရားတို့တွင် လည်းကောင်း၊ တနင်္သာရီမြို့၏ မြို့တည်နန်းတည် ရှင်မအောင်သာ ကျောက်တိုင်အတွင်း ရင်ပြင်နေရာများ၌ မီးသတ်ရေယာဉ် ရေပန်းဖြင့် ဆေးကြောသန့်ရှင်းပေးကြပြီး အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားပေးကြသည်။

ဆက်လက်၍ (၇၇) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မြေစိုက်ပိုစတာကို မြို့နယ်မီးသတ်ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များက မြို့နယ်မီးသတ်စခန်းရှေ့ မျက်နှာစာနေရာတွင် ပြည်သူအများ မြင်သာနိုင်အောင် စိုက်ထူပေးကြကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**နန်းသာရီ–ထိန်ဝင်း**

## (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော်  မေ ၁**

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက (၇၇) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်္ဂလာကန်တော်တွင် ဇီဝိတဒါန ဘေးမဲ့လွှတ်ပွဲနှင့် နေပြည်တော် ပြည်သူ့ဆေးရုံ (ခုတင် ၁၀၀၀) တွင် သွေးလှူဒါန်းပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။




နေပြည်တော် မင်္ဂလာကန်တော်တွင် ငါးအကောင်ရေ ၂၀၀၀ ကျော်နှင့် ငှက်အကောင်ရေ ၃၀၀ ကျော်တို့ကို မီးသတ်ဦးစီးဌာနရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းဆောင်ရွက်သည်။

ထို့နောက် သန္ဓေ/ အရန်မီးသတ်တပ်ဖွဲ့ဝင် သွေးလှူရှင်အင်အား ၅၀ တို့က နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) တွင် သွေးလှူဒါန်းရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သွေးလှူဒါန်းမှုများနှင့်စပ်လျဉ်း၍ ဝမ်းမြောက်စကားနှင့် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားပြီး အားဖြည့်အစာအာဟာရများ ထောက်ပံ့ပေးအပ်သည်။ (ဝဲပုံ)

မေ ၅ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC–2) ၌ ပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ မီးသတ်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် မိမိတို့ဒေသရှိသာသနိကအဆောက်အအုံများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဇီဝိတဒါနများ ပြုလုပ်ခြင်း၊ ဘိုးဘွားရိပ်သာများသို့ ငွေကြေးလှူဒါန်းခြင်း၊ သွေးလှူဘဏ်များ/ ဆေးရုံများတွင် စုပေါင်းသွေး လှူဒါန်းခြင်း စသောပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ဘိ**

## "သမီးအတွက် ဆေးတစ်ခွက်" အမည်ဖြင့် ပန်းချီဆရာပိုးဒီလွန်၏ လက်ရာပန်းချီကားပြသ

**ရန်ကုန်  မေ ၁**

"သမီးအတွက် ဆေးတစ်ခွက်" အမည်ဖြင့် ပန်းချီဆရာ ပိုးဒီလွန်၏ လက်ရာပန်းချီကားပြပွဲကို မေ ၁ ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ Sule Tower–2 ၌ ဖွင့်လှစ်ပြသလျက်ရှိသည်။

အဆိုပါ ပန်းချီပြခန်းတွင် သဘာဝလူမျိုးစု လက်ရာပန်းချီကားပေါင်း ၃၈ ကား ပြသထားပြီး ပြည်သူများ (အခမဲ့) လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ "တစ်ချိန်က အုပ်စုလိုက် အတော်တော်များများကို ပါဝင်ရေးဆွဲခဲ့ပါတယ်။ နောက်ပိုင်း ကိုဗစ်ကာလတစ်လျှောက် မရေးဆွဲဖြစ်ခဲ့ပါဘူး။ ပြခန်းပိုင်ရှင်ရဲ့ တိုက်တွန်းမှုနဲ့ အခုလိုပန်းချီ




ရေးဆွဲပြသခြင်း ဖြစ်ပါတယ်" ဟု ပန်းချီဆရာ ပိုးဒီလွန်က ပြောသည်။ ယင်းပြသပွဲကို မေ ၅ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

## နိုင်ငံတော်သြဝါဒါစရိယဆရာတော် မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ ရေရှင်ကျေးရွာ၊ ရေရှင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဇန (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော် လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ ငါလွန်းကျေးရွာတွင် ခမည်းတော် ဦးထွန်းလူ + မယ်တော် ဒေါ်မယ်မြတို့မှ ၁၂၉၆–ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၉ ခုနှစ်၊ နယုန်လဆန်းတွင် ဆောမြို့နယ်၊ ငါလွန်းကျေးရွာ၊ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တသာသနကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေ အဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင် ငါလွန်းကျေးရွာ၊ ရွာဦးကျောင်း ဥဒကုက္ခေပသိမ်၌ ဆရာတော် ဘဒ္ဒန္တသာသနကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဆောမြို့နယ်၊ ငါလွန်းကျေးရွာ၊ ရွာဦးကျောင်း ဆရာတော်ဘဒ္ဒန္တသာသန၊ မန္တလေးမြို့၊ မြတောင်ကျောင်းတိုက်၊ ရတနရံသီ ယောဆရာတော် ဘဒ္ဒန္တသုန္ဒရဓဇ၊ ဘဒ္ဒန္တသံဝရ၊ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ပခုက္ကူမြို့၊ မဟာဝိဇယာရာမတိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒစသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇဓမ္မာစရိယ" ဘွဲ့ကို ရရှိတော် မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သာသနာပြုသက်တမ်း နှစ် (၅၀) ကျော်အတွင်း ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ယဉ်ကျေးမှု သင်တန်းများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်းနှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့ အထိ နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုး ဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ခမာ ဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၇၈–ခုနှစ်တွင် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါအရ ၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ (၂၉–၄–၂၀၂၃)၊ စနေနေ့ နံနက် (၈:၀၀) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၆ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၉၁) ရာခိုင်နှုန်းရှိ

**(၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၆၃၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၉၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၇၄,၁၆၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၉၈၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၈၆၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၅၀ | ၂၀၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၁၅ | ၂၈၁၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၂၀ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၀၅ | ၂၂၀၅ | ၂၂၂၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၀၀ | ၁၉၅၀ | ၁၉၅၀ | ၁၉၁၀ | ၁၉၅၀ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၂၀၅၅ | ၂၀၅၀ | ၁၉၄၀ | ၁၉၅၅ | ၁၉၉၀ | ၁၉၉၀ | ၁၉၉၀ | ၂၂၂၀ | ၃၁၀၀ |
| HSD (50 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၃၀ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၃၁၃၀ |
| HSD (10 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၃၀ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၁ | ၁၉၆၂ |
| 95 Ron | ၁၉၆၆ | ၂၀၃၉ |
| HSD (500 ppm) | ၁၈၀၅ | ၁၈၇၀ |
| HSD (50 ppm) | ၁၈၇၈ | ၁၉၄၅ |
| HSD (10 ppm) | ၁၈၇၈ | ၁၉၄၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပုဗ္ဗသီရိမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက် နှစ်နှစ်အထိ ကလေးများအား လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**ပုဗ္ဗသီရိ မေ ၁**

ပုဗ္ဗသီရိမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက် နှစ်နှစ်အထိ ကလေးများအား လစဉ်ပုံမှန်ကာကွယ်ဆေးများကို ယနေ့နံနက်ပိုင်းမှစတင်၍ ထိုးနှံပေးလျက်ရှိသည်။

ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက် နှစ်နှစ်အထိ ကလေးများအား လစဉ် ပုံမှန်ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိသည်။ ထိုသို့ ထိုးနှံပေးရာတွင် ကိုယ်ဝန်ဆောင်မိခင်များကို မေးခိုင်ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ မွေးကင်းစမှ အသက် နှစ်နှစ်အထိ ကလေးများအား BCG ရောဂါ ကာကွယ်ဆေး၊ OPV ရောဂါကာကွယ်ဆေး၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ အသည်းရောင်အသားဝါဘီ ရောဂါကာကွယ်ဆေး၊ ဝက်သက်ရောဂါကာကွယ်ဆေးနှင့် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှော ရောဂါ ကာကွယ်ဆေး စသည့်အသက်အရွယ်အလိုက် သတ်မှတ်ထားသည့် ကာကွယ်ဆေးများကို လစဉ်ပုံမှန်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်မြင့်(ပုဗ္ဗသီရိ)**

# လူမှုစီးပွားဘဝမြင့်မားရေး သမဝါယမက ဆောင်ရွက်ပေး

K ဇင်သစ် (မန်းတက္ကသိုလ်)

**ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် နိုင်ငံတော်က ရှုထောင့်အဖုံဖုံ၊ ကဏ္ဍအစုံစုံမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ မျက်မှောက်ကာလတွင် ပို၍ဆောင်ရွက်ပေးလျက်ရှိနေသည်ကို သတိပြုမိသည်။ အမှန်လည်း ကျေးလက်လူမှုစီးပွားဘဝမြင့်မားမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။ သယံဇာတပေါကြွယ်ဝသည့် အမိနိုင်ငံအဖို့ ပြည်ပပို့ကုန်တင်ပို့မှုတွင် ကုန်ကြမ်းအဖြစ်သာ တင်ပို့မှုကများနေသည်ကို တွေ့နေရသည်။ ပြည်ပတင်ပို့မှုမှ နိုင်ငံတော်အတွက် နိုင်ငံခြားငွေများစွာ ရရှိနေခြင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကို ပြည်ပသို့တင်ပို့ခြင်းက အဓိကအပိုင်းမှ ပါဝင်နေသည်ဟု ဆိုရပေမည်။**

စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကို ကျေးလက်နေတောင်သူများက စိုက်ပျိုး၊ မွေးမြူ၍ ထုတ်လုပ်ပေးနေခြင်းကြောင့်သာ နိုင်ငံတော်အတွက် နိုင်ငံခြားငွေ အမြောက်အမြား ရရှိနေသည်ဟု ဆိုနိုင်ပေမည်။ ပွဲစား၊ ကုန်သည်၊ Exporter များက စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နေသော်လည်း အဆိုပါ တင်ပို့နေသည့် ကုန်ပစ္စည်းများသည် တောင်သူတစ်ဦးချင်းစီက ထုတ်လုပ်ခြင်းကြောင့် တင်ပို့ခွင့်ရနေကြသည်ဆိုတာကိုတော့ မမေ့လျော့သင့်ပါ။

တောင်သူများစိုက်ပျိုးကြသည့် စပါး၊ ပြောင်း၊ ပဲ၊ နှမ်း၊ ဖရဲ၊ ကြံ၊ ငရုတ် စသည့်သီးနှံများ၊ နှစ်ရှည်ပင်မှ ထွက်ရှိသည့် သီးနှံများ ပြည်ပသို့တင်ပို့ခြင်းကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများစွာ ရရှိနေသော်လည်း တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားမှုမှာကား ထင်သလောက် ရှေ့သို့ရောက်လာခြင်း မရှိနိုင်သေးသည်ကလည်း လက်တွေ့မှာ အမှန်တွေ့နေရပြန်သည်။ နိုင်ငံအတွက် စားရေရိက္ခာပေါကြွယ်ဝရေးနှင့် နိုင်ငံခြားငွေများစွာ ရရှိနိုင်ရေးအတွက် နေပူမရှောင်၊ မိုးရွာမရှောင် စိုက်ပျိုး၍ ဘဝကိုရုန်းကန် ကြိုးစားနေကြသည့် တောင်သူများအတွက် အစုအဖွဲ့များ၊ သမဝါယမအသင်းများ ဖွဲ့စည်းပြီး အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် ယင်းတို့၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် ဆောင်ရွက်ပေးနေခြင်းများကမူ ထိုက်သင့်သလောက် အရာရောက်နေပြီဟု ဆိုချင်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village One Product–OVOP)၊ အကျိုးတူ လယ်ယာစနစ် ကန်ထရိုက်လယ်ယာ(Contract Farming)၊ ဆန်စက်၊ ဆီစက် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြပြီး အများအကျိုးအတွက် ထမ်းရွက်သယ်ပိုးလိုစိတ် ရှိသူ၊ သမဝါယမစနစ်ကို ယုံကြည်ပြီး စိတ်ပါဝင်စားသူများ၊ အမှန်တကယ် အလုပ်လုပ်သူများဖြင့် စည်းရုံးဖွဲ့စည်းခဲ့သည့် သမဝါယမအသင်းများကို မျက်မှောက်ကာလတွင် တိုးချဲ့ဆောင်ရွက်လျက်ရှိနေသည်ဟု ကြားသိရ၍ ဝမ်းသာနေမိသည်။

နိုင်ငံအတွက် အလုပ်အကျွေးပြုနေကြသည့် ကျေးလက်နေ တောင်သူများအား သမဝါယမဦးစီးဌာနဝန်ထမ်းများက အသင်းအဖွဲ့ဖြင့် ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စုပေါင်းဆောင်ရွက်ခြင်းကြောင့် အသင်းသားကိုယ်စီ တိုးတက်မှု အလီလီ ရရှိလာခြင်း စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံး၍ အများဆန္ဒနှင့်အညီ သမဝါယမအသင်းအဖြစ် ရှင်သန်ရပ်တည်နိုင်ရေး ဖွဲ့စည်းဆောင်ရွက်ပေးနေကြောင်း ကြားသိရ၍လည်း များစွာဂုဏ်ယူနေမိသည်။

၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်(ဧပြီလမှ ဖေဖော်ဝါရီလအထိ) ၁၁ လတာကာလအတွင်း လယ်ယာထုတ်ကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၃၂၃၄ ဒသမ ၂၀၂ သန်း၊ မွေးမြူရေး(ရေလုပ်ငန်းအပါ) ကဏ္ဍမှ ဒေါ်လာ ၆၆၃ ဒသမ ၃၁၈ သန်း၊ ပေါင်းဒေါ်လာ ၃၈၉၇ ဒသမ ၅၂ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏အချက်အလက်များအရ သိရသည်။ ထို့ကြောင့် တောင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကြောင့် နိုင်ငံအတွက် နိုင်ငံခြားငွေ များစွာရရှိနေသည်မှာ သိသာထင်ရှားနေသည်။ ပြည်တွင်းစားသုံးမှုကို ထိန်းညှိရင်း ပြည်ပပို့ကုန်များ တိုးမြှင့်လုပ်ဆောင်နိုင်ခြင်းဖြင့် ပို့ကုန်ရငွေတိုးမြင့်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်။ နိုင်ငံအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးပေးခြင်းဖြင့် ယခုထက်ပိုမို၍ နိုင်ငံခြားငွေရရှိလာစေရေး၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေရေး၊ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်စေရေး ရှေးရှုကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်မှာ အနာဂတ် မြန်မာ့စီးပွားရေး တိုးတက်မှု၏ မောင်းနှင်အားသဖွယ် ရှိနေပေဦးမည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ငွေများ ထောက်ပံ့ပေးမှုတွင် ကယား၊ ချင်း၊ ရခိုင်ပြည်နယ်သုံးခုအတွက် ကျပ် ၁၀ ဘီလီယံစီဖြင့် ကျပ် ၃၀ ဘီလီယံ၊ ကချင်၊ ကရင်၊ မွန်၊ ရှမ်း၊ တနင်္သာရီငါးခုအတွက် ကျပ် ရှစ်ဘီလီယံစီဖြင့် ကျပ် ၄၀ ဘီလီယံ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့ခြောက်ခုအတွက် ကျပ် ငါးဘီလီယံစီဖြင့် ကျပ် ၃၀ ဘီလီယံ၊ စုစုပေါင်းကျပ် ၁၀၀ ဘီလီယံဖြင့် နိုင်ငံတော်က မတည်ထောက်ပံ့ပေးကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်သည့်အစုအဖွဲ့၊ သမဝါယမအသင်းများ အနေဖြင့်လည်း ပြဋ္ဌာန်းထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနသည် တည်ဆဲသမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုနှင့် အထွေထွေစီးပွားရေးဆိုင်ရာ သမဝါယမအသင်းများကို ဖွဲ့စည်းမှတ်ပုံတင်ပေးလျက်ရှိရာ ၃၁–၃–၂၀၂၃ ရက်အထိ အသင်းသားပြည်သူ ၄ ဒသမ ၂ သန်းဖြင့် သမဝါယမ အသင်းပေါင်း ၃၈၇၆၀ ကျော် ဖွဲ့စည်းမှတ်ပုံတင် ပေးထားကြောင်း သိရသည်။ ဖွဲ့စည်းပြီး သမဝါယမအသင်းအများစုမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု (OVOP)၊ အကျိုးတူလယ်ယာစနစ် ကန်ထရိုက်လယ်ယာ စသည့် လုပ်ငန်းများကို ဆောင်ရွက်ကြသည့် ကျေးလက်နေပြည်သူများ၏ ဆန္ဒနှင့်အညီ ဖွဲ့စည်းထားကြောင်းလည်း သိရသည်။

> **“ဖွဲ့စည်းပေးလျက်ရှိသည့် သမဝါယမအသင်းများမှာ အသင်းသားများအကျိုးကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်သည့် အနေအထားမျိုးဖြစ်အောင် အလေးပေး ဆောင်ရွက်လျက်ရှိသည်မှာ မှန်ကန်ကောင်းမွန်လှသည်။ အချို့သော သမဝါယမ အသင်းများမှာမူ အသင်းကိုယ်တိုင်စီးပွားရေး ဖွံ့ဖြိုးတောင့်တင်းခိုင်မာလျက် ရှိနေသော်လည်း မူလပကတိအခြေခံ အုတ်မြစ်ပမာ တည်ရှိနေသည့် အသင်းဝင်/ အသင်းသားတစ်ဦး ချင်းစီအတွက် အကျိုးအမြတ်ခွဲဝေပေးမှု အားနည်းနေသေးသည်”**

မျက်မှောက်ကာလတွင် ဖွဲ့စည်းပေးလျက်ရှိသည့် သမဝါယမအသင်းများမှာ အသင်းသားများအကျိုးကို ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်သည့် အနေအထားမျိုးဖြစ်အောင် အလေးပေးဆောင်ရွက်လျက်ရှိသည်မှာ မှန်ကန်ကောင်းမွန်လှသည်။ အချို့သော သမဝါယမအသင်းများမှာမူ အသင်းကိုယ်တိုင်စီးပွားရေး ဖွံ့ဖြိုးတောင့်တင်းခိုင်မာလျက်ရှိနေသော်လည်း မူလပကတိအခြေခံ အုတ်မြစ်ပမာ တည်ရှိနေသည့် အသင်းဝင်/ အသင်းသားတစ်ဦးချင်းစီအတွက် အကျိုးအမြတ်ခွဲဝေပေးမှု အားနည်းနေသေးသည်ကိုလည်း သမဝါယမလောကသားအချို့၏ ပြောကြားချက်အရ သိရသည်။ အသင်း၏ အကျိုးအမြတ်ရငွေသည် အသင်းသားများအတွက် ဦးတည်ထောက်ပံ့ပေးရမည်ဖြစ်သကဲ့သို့ အသင်းရေရှည်ဖွံ့ဖြိုးရေးအတွက်လည်း ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ အသင်းသားများ အကျိုးကို ထိရောက်စွာ ထောက်ပံ့ပေးခြင်းဖြင့် သမဝါယမအပေါ် ပြည်သူတို့၏ ယုံကြည်မှုတိုးတက်လာမည်မှာလည်း ဧကန်မလွဲပေ။

*စာမျက်နှာ ၁၇ သို့*

(ဇယား–၁) တိုင်းဒေသကြီး/ ပြည်နယ်များမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် မြစိမ်းရောင်(သမဝါယမ)စီမံကိန်းဆောင်ရွက်ရန် လျာထားတင်ပြထားမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် အရေအတွက် | အသင်း အရေအတွက် | အသင်းသား ဦးရေ | ဆောင်ရွက်လိုသည့်လုပ်ငန်းအတွက် ရန်ပုံငွေရရှိမှု (ကျပ်သန်း) | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စိုက်ပျိုးရေး (သွင်းအားစုနှင့် ထွန်ယက်ခ+ ကန်ထရိုက် လယ်ယာ) | မွေး မြူ ရေး | ကျေးရွာ တစ်ရွာ ထုတ်ကုန် တစ်ခု + အရောင်းဆိုင် | စက်ရုံများ တည်ဆောက်ခြင်း ( သဘာဝမြေဩဇာ+ ဆန်စက်+ ဆီစက်) | စုစုပေါင်း |
| ၁ | ကချင် | ၁၂ | ၆၀ | ၃၄၃၅ | ၁၀၈၀.၀၀ | ၂၅၇.၅၀ | ၉၀၀.၀၀ | | **၂၂၃၇.၅၀** |
| ၂ | ကယား | ၁ | ၁၉ | ၃၉၃ | ၂၄၅.၀၀ | ၁၆၅.၀၀ | | | **၄၁၀.၀၀** |
| ၃ | ကရင် | ၂ | ၄ | ၃၄ | ၂၈၀.၀၀ | ၁၁၁.၆၀ | | ၁၈၃၀.၀၀ | **၂၂၂၁.၆၀** |
| ၄ | ချင်း | ၅ | ၂၈ | ၅၂၃ | ၄၈၁.၀၀ | ၆၆၁.၂၀ | ၁၉၄.၃၀ | | **၁၃၃၆.၅၀** |
| ၅ | တနင်္သာရီ | ၁ | ၁ | ၁၅ | ၁၅၀.၀၀ | | | | **၁၅၀.၀၀** |
| ၆ | မွန် | ၈ | ၃၉ | ၁၆၇၄ | ၁၀၅၅.၆၀ | ၂၁၅.၀၀ | ၂၀၀.၀၀ | | **၁၄၇၀.၆၀** |
| ၇ | ရခိုင် | ၁၁ | ၂၈ | ၁၃၃၄ | ၄၁၄.၄၀ | ၁၆၄.၆၀ | ၃၆၆.၃၀ | | **၉၄၅.၃၀** |
| ၈ | ရှမ်း | ၄ | ၂၆ | ၈၈၃ | ၃၅၈.၃၀ | ၁၄၅.၅၀ | ၂၅၇.၀၀ | ၅၁၀.၀၀ | **၁၂၇၀.၈၀** |
| ၉ | ပအိုဝ်း | ၃ | ၂ | ၃၆ | ၁၄၂.၉၀ | | | ၇၀၀.၀၀ | **၈၄၂.၉၀** |
| ၁၀ | ဓနု | ၂ | ၂၄ | ၁၆၀၃ | ၂၆၂.၅၀ | | ၈၈၆.၀၀ | ၂၂၀.၀၀ | **၁၃၆၈.၅၀** |
| ၁၁ | ဝကိုယ်ပိုင် | ၁ | ၁ | ၂၂ | ၁၀၀.၀၀ | | | | **၁၀၀.၀၀** |
| | **စုစုပေါင်း** | **၅၀** | **၂၃၂** | **၉၉၅၂** | **၄၅၆၉.၇၀** | **၁၇၂၀.၄၀** | **၂၈၀၃.၆၀** | **၃၂၆၀.၀၀** | **၁၂၃၅၃.၇၀** |

## တွံတေးမြို့နယ်၌ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း တွဲဖက်ဖွင့်လှစ်မည်



**တွံတေး မေ ၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (သဝန်းတော)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း တွဲဖက်ဖွင့်လှစ်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်မည့် အစီအစဉ်များနှင့် သဝန်းတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဧပြီ ၃၀ ရက်က ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ အသိပေးရှင်းလင်းသည်။

တွေ့ဆုံရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမြင့်ဆွေက စိုက်ပျိုးရေးနှင့် ပတ်သက်သော သင်ကြားပို့ချမည့် အကြောင်းအရာများ၊ အထောက်အကူပြု ပစ္စည်းကိရိယာများ ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များ၊ သင်တန်းသူ သင်တန်းသားတစ်ဦးလျှင် လစဉ်ငွေကျပ် ၁၀၀၀၀ တိတိ ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း၊ သင်ကြားရေးနှင့် ပတ်သက်၍ လက်တွေ့ဆောင်ရွက်ရာတွင် လိုအပ်သည်များ ရှိပါကလည်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါက်တာ မင်းညွန့်ဦးကလည်း မွေးမြူရေးနှင့် ပတ်သက်သော အကြောင်းအရာများ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ပတ်သက်၍ရရှိနိုင်မည့် အခွင့်အလမ်းများ၊ ကျောင်းသား ကျောင်းသူများ ပညာဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းကောင်းများ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုး၊ မွေးမြူရေး ပညာရပ်များတစ်နိုင်ငံလုံးသို့ ပြန့်ပွားစေပြီး နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနိုင်စေရန်၊ အဆင့်မြင့်ပညာ ဆက်လက်မသင်ကြားနိုင်သော ကျောင်းသား ကျောင်းသူများအတွက် အသက်မွေးဝမ်းကျောင်းပညာအဖြစ် လမ်းသွယ်များ ဖွင့်လှစ်သင်ကြားပေးရန်၊ အစိုးရနှင့် ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လုပ်ငန်းများတွင် လိုအပ်လျက်ရှိသော စိုက်ပျိုး၊ မွေးမြူရေး ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

Grade-9 ပြီးမြောက်အောင်မြင်သည့် ကျောင်းသား ကျောင်းသူများ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်ကို သင်ယူလေ့လာခွင့်ရရှိနိုင်ရေးအတွက် ခရိုင် ၅၀ ရှိ မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ၅၁ ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ၂၀၂၃- ၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းအဆင့် သင်ယူနေစဉ်ကာလတွင် စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသော အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**တွံတေးသား**

## မြို့နယ်များ၌ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိ

**ချောင်းဆုံ မေ ၁**

ချောင်းဆုံမြို့နယ်၌ ပူပြင်းခြောက်သွေ့သော နွေရာသီကာလအတွင်း ပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ပင်လယ်ကမ်းနားကျေးရွာများနှင့်အနိမ့်ပိုင်း ရေရှားပါးသော နေအိမ်များသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ သောက်သုံးရေများ အခမဲ့ ဖြန့်ဝေပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်က ဆယ်ပလာကျေးရွာသို့ ရေများ သွားရောက်ဖြန့်ဝေပေးသည်။

သောက်သုံးရေများ အခမဲ့ဖြန့်ဝေပေးရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးတင်လင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်တစ်စီးဖြင့် ရေဂါလန် ၁၆၀၀ ခန့်ကို နေအိမ်များအရောက် ဖြန့်ဝေပေးခဲ့ကြပြီး မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် အခြားရပ်ကွက်/ကျေးရွာများကိုလည်း ဆက်လက်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ရသေ့တောင် မေ ၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ နွေရာသီရေခန်းခြောက်မှု ပြဿနာများကြောင့် မြို့ပေါ်နေပြည်သူများ သောက်သုံးရေ အခက်အခဲများ ကြုံတွေ့နေကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက် ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့နှင့် ပူးပေါင်းပြီး မြို့ပေါ်နေပြည်သူများ သောက်ရေ၊ သုံးရေ ရရှိရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ ရေစုကန်များတွင် ရေဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၂၈ ရက်တွင် တောင်ရင်းရပ်ကွက် ရေစုကန်အမှတ်(၁၅)၌ ရေသယ်ယာဉ်ဖြင့် ရေဂါလန်၇၅၀ နှင့် အရှေ့မြောက်ရပ်ကွက် ရေစုကန်(၄)၌ ရေဂါလန်၇၅၀ ကို ဖြန့်ဝေပေးခဲ့ကြသည်။

ရသေ့တောင်မြို့နယ်၌ ပြီးခဲ့သည့် မိုးရာသီတွင် မိုးရေချိန်ပြည့်မီအောင် မရရှိခဲ့ခြင်းကြောင့် ရေမလုံလောက်မှု ကြုံတွေ့လာရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည်ငွေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသများတွင် သမဝါယမကဏ္ဍမှ မြစိမ်းရောင်(သမဝါယမ)စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး စသည်တို့ကို လုပ်ကိုင်နေသည့် ကျေးလက်နေ သမဝါယမအသင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာမည်မှာ မုချကေန်ပင်။

သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသများတွင် သမဝါယမကဏ္ဍမှ ဆောင်ရွက်မည့် မြစိမ်းရောင် (သမဝါယမ) စီမံကိန်းလျာထား တင်ပြထားမှု၊ အဆိုပါ လျာထားတင်ပြမှုအနက်မှ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အသင်းသားများ လက်ဝယ်အရောက် ယင်းတို့လိုအပ်သည့် မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ(ဆီဖိုး)၊ တိရစ္ဆာန်အစာ စသည့် ပစ္စည်းများကို အသင်းဒါရိုက်တာအဖွဲ့ဝင်များ၊ ကော်မတီအဆင့်ဆင့်မှတာဝန်ယူ၊ တာဝန်ခံကြီးကြပ်မှုများဖြင့် ထောက်ပံ့ဆောင်ရွက်နေမှုများကို ဇယား (၁) နှင့် (၂)ဖြင့် ဖော်ပြထားပါသည်။

(ဇယား-၂)

**သမဝါယမဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် မြစိမ်းရောင်(သမဝါယမ)စီမံကိန်းဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ်များမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေ**

(၃၁-၃-၂၀၂၃)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် အရေ အတွက် | အသင်း အရေ အတွက် | အသင်း သား ဦးရေ | ဆောင်ရွက်လိုသည့်လုပ်ငန်းအတွက် ရန်ပုံငွေရရှိမှု (ကျပ်သန်း) | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စိုက်ပျိုးရေး (သွင်းအားစုနှင့် ထွန်ယက်ခ+ ကန်ထရိုက် လယ်ယာ) | မွေး မြူ ရေး | ကျေးရွာ တစ်ရွာ ထုတ်ကုန်+ တစ်ခု အရောင်းဆိုင် | စက်ရုံများ တည်ဆောက်ခြင်း ( သဘာဝမြေသြဇာ+ ဆန်စက်+ ဆီစက်) | စုစုပေါင်း |
| ၁ | ကချင် | ၁၃ | ၅၇ | ၃၂၉၇ | ၁၀၈၀.၀၀ | ၂၅၇.၅၀ | ၉၀၀.၀၀ | | ၂၂၃၇.၅၀ |
| ၂ | ကယား | ၁ | ၂၁ | ၅၃၂ | ၂၄၅.၀၀ | ၁၆၅.၀၀ | | | ၄၁၀.၀၀ |
| ၃ | ကရင် | ၂ | ၄ | ၃၄ | ၂၈၀.၀၀ | ၁၁၁.၆၀ | | ၁၈၃၀.၀၀ | ၂၂၂၁.၆၀ |
| ၄ | မွန် | ၈ | ၂၈ | ၃၇၃၂ | ၁၀၂၅.၆၀ | ၂၁၅.၀၀ | ၃၀.၀၀ | ၁၀၀.၀၀ | ၁၃၇၀.၆၀ |
| ၅ | ရခိုင် | ၁၀ | ၂၁ | ၉၁၁ | ၂၀၂.၉၀ | ၉၈.၆၀ | ၁.၈၀ | | ၃၀၃.၃၀ |
| ၆ | ရှမ်းပြည်နယ် | ၅ | ၈ | ၂၂၇ | ၁၁၈.၀၄ | ၁၈.၀၀ | ၅၀.၀၀ | ၃၀၀.၀၀ | ၄၈၆.၀၄ |
| ၇ | ဓနု | ၂ | ၁၆ | ၁၀၄၆ | ၂၅၀.၀၀ | | ၆၀၆.၀၀ | ၂၂၀.၀၀ | ၁၀၇၆.၀၀ |
| ၈ | ပအိုဝ်း | ၁ | ၁ | ၂၂ | | | | ၇၀၀.၀၀ | ၇၀၀.၀၀ |
| ၉ | ဝ ကိုယ်ပိုင် | ၁ | ၁ | ၂၂ | ၁၀၀.၀၀ | | | | ၁၀၀.၀၀ |
| | စုစုပေါင်း | ၄၃ | ၁၅၇ | ၉၈၂၃ | ၃၃၀၁.၅၄ | ၈၆၅.၇၀ | ၁၅၈၇.၈၀ | ၃၁၅၀.၀၀ | ၈၉၀၅.၀၄ |

အထက်ပါ ဇယားအရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရှစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးသုံးခုတို့တွင် သမဝါယမကဏ္ဍအတွက် ကျပ် ၁၂၃၅၃ ဒသမ ၇ သန်း အဆိုပြုလျာထားခဲ့ပြီး ကျပ် ၈၉၀၅ ဒသမ ၀၄ သန်း အကောင်အထည်ဖော်ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ကျပ် ၃၄၄၈ ဒသမ ၆၆ သန်းကိုလည်း လာမည့်ရာသီတွင် ကော်မတီအဆင့်ဆင့်၏ ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ သမဝါယမကဏ္ဍမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (OVOP)လုပ်ငန်း၊ အရောင်းဆိုင်မြှင့်တင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင် (သမဝါယမ) စီမံကိန်းလက်စွဲစာစောင်ကို စနစ်တကျ ရေးဆွဲပြီး ကြီးကြပ်စီမံဆောင်ရွက်နေခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်ပါသည်။

အချုပ်ဆိုရသော် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများမှာ ကျေးလက်နေ ပြည်သူအများစု ပါဝင်သည့် သမဝါယမအသင်းများမှတစ်ဆင့် တောင်သူတစ်ဦးချင်းစီသို့ ထိရောက်သော ပံ့ပိုးပေးမှုဖြစ်ခြင်း၊ ငွေသားသက်သက်(သီးသန့်) ထုတ်ပေးခြင်း မဟုတ်ဘဲ လိုအပ်သည့် မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ လုပ်အားခများကိုသာ ထောက်ပံ့ပေးခြင်း၊ ထွက်ပေါ်လာသည့် စိုက်ပျိုး၊ မွေးမြူရေး ထုတ်ကုန်များကို ဈေးကွက်ချိတ်ဆက်ပေးမည့် အစီအစဉ်များ ပါရှိခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် သမဝါယမဦးစီးဌာနအဆင့်ဆင့်နှင့် သမဝါယမအသင်း အဆင့်ဆင့်တို့က ဆောင်ရွက်ပေးနေမှုများသည် နိုင်ငံ့စီးပွားရေး တိုးတက်မြင့်မားလာရေးတွင် အုပ်တစ်ချပ်သဲတစ်ပွင့်ပမာ ဆောင်ကြဉ်းပေးလျက်ရှိနေသည်ကို မီးမောင်းထိုးပြလိုက်ရပါသည်။ ။

# ပြည်သူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ အပိုထပ်ဆောင်း ထိုးနှံပေးနေမှုများနှင့် ကလေးငယ်များအား တိုးချဲ့ကာကွယ်ဆေးများထိုးနှံနေမှုများကို ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ပုသိမ် မေ ၁**

ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အပိုထပ်ဆောင်းထိုးနှံပေးနေမှုနှင့် ကလေးငယ်များအား တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံပေးနေမှုများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကိုဗစ်-၁၉ကာကွယ်ဆေးထိုးနှံရန် လာရောက်သည့် ပြည်သူများအား ဆေးမထိုးနှံမီ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးတွင်းအောက်ဆီဂျင်ပမာဏ တိုင်းတာခြင်း၊ နှလုံးခုန်နှုန်း တိုင်းတာခြင်းများနှင့် ကာကွယ်ဆေးထိုးနှံနေမှုများကို ကြည့်ရှုအားပေးပြီး ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ကုသရေးဌာန၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအား ထားရှိရန်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှု စစ်ဆေးပြီး လူနာများအတွက် လိုအပ်ပါက အောက်ဆီဂျင်လုံလောက်စွာ ပေးနိုင်ရေးအတွက် အောက်ဆီဂျင်စက်ရုံများကို စနစ်တကျလည်ပတ်နိုင်အောင် ပြင်ဆင်ထားရှိရေးနှင့် အောက်ဆီဂျင်အိုးများ အရန်သင့်ထားရှိရေး၊ အရေးပေါ်လူနာကုသဆောင်များတွင် ကိုဗစ်-၁၉ ရောဂါ ကုသရေးနှင့် ပတ်သက်သည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ အဆင်သင့်ထားရှိရေး၊ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် မိမိကိုယ်ကို သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သွားရောက်၍ အမြန်ဆုံးကုသမှုခံယူရေး ပြည်သူများသိရှိနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကလေးငယ်များအား (Routing EPT) တိုးချဲ့ကာကွယ်ဆေး ထိုးနှံပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အသက် နှစ်လအရွယ်မှ ကိုးလအရွယ်ထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး၊ တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား ဒုတိယအကြိမ်ဝက်သက် ကာကွယ်ဆေးများကို လစဉ် ၁ ရက်နေ့တိုင်း မြို့နယ်ကျန်းမာရေးဌာနတွင် ထိုးနှံပေးလျက်ရှိပြီး ကျန်ရက်များတွင် ပုသိမ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်း၍ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်၍ ကျန်းမာရေးဌာနမှ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



ထို့အတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်လည်ပတ်ထုတ်လုပ်နေမှုများကို လည်းကောင်း၊ ဆေးရုံတက်ရောက်နေသည့် လူနာများကို လည်းကောင်း၊ အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ဆောက်လုပ်ပြီးစီးသည့် ၃၈ ပေ၊ ပေ ၁၃၀ ရှိ RC နှစ်ထပ်၊ ၃၂ ခုတင်ဆံ့ တိုးချဲ့လူနာဆောင်သစ်ကို လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံမှုများကို လည်းကောင်း ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးပြီး ကာကွယ်ဆေးများ အပြည့်အဝထိုးနှံပေးနိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘိလိယက်နှင့်စနူကာ လက်ရွေးစင်အားကစားသမားများ လေ့ကျင့်နေမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများထောက်ပံ့

**ရန်ကုန် မေ ၁**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘိလိယက်နှင့် စနူကာအားကစားသမားများ၏ အပြင်းအထန် လေ့ကျင့်လျက်ရှိသည့် မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားကွင်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အားကစားခန်းမသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးကြသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ မင်းနိုင်နှင့် အားကစားသမားများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်မာ့လက်ရွေးစင် ဘိလိယက်နှင့် စနူကာ အားကစားသမားများ၏ ပြိုင်ပွဲပုံစံ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လက်ရွေးစင် အားကစားသမားများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အားကစားသမားများကို အားပေးစကားပြောကြားရာတွင် သွားရောက်ယှဉ်ပြိုင်မည့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို မေ ၇ ရက် မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ပြီး ပြိုင်ပွဲတိုင်း အနိုင်ရရှိရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးစားပြီး ဘိလိယက်နှင့် စနူကာအားကစားနည်းမှ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ပိုမိုရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားကြရန်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဂုဏ်ပြု ထောက်ပံ့ငွေများကို လည်းကောင်း၊ ချယ်ရီဦး ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုထောက်ပံ့ငွေများကို လည်းကောင်း ပေးအပ်ရာ အားကစားသမားများနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။

အဆိုပါပြိုင်ပွဲသို့ဦးပေါက်စက ဘိလိယက်၊ ဦးဘုန်းမြင့်ကျော်၊ ဦးနေမင်းထွန်း၊ ဦးဟိန်းလွင်မိုးတို့က စနူကာအားကစားနည်းတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ပြည်သူ့ရင်ပြင်၌ သံဃာတော်၁၁၁၁၁ပါးတို့ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

နိုင်ငံ အဝန်း သစ်တော စွမ်းဖြင့် စိမ်းလန်း စေရမည်



ကလေးငယ်များအား တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဓမ္မရက္ခိတဓမ္မာရုံ၌ မေ ၁ ရက်က ကလေးငယ်တစ်ဦးအား ကာကွယ်ဆေးထိုးနှံပေးစဉ်။ ဝ၁၄

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ ယူ - ၂၂ မြန်မာအမျိုးသားဘောလုံးအသင်းနှင့် တီမောလက်စ်တေ အသင်းတို့၏ ဘောလုံးပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ်(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မေ ၅ ရက် မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင် အားကစားနည်းများအနက် အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ၏ အုပ်စုအဆင့်ပြိုင်ပွဲများကို ဧပြီ ၂၉ ရက်မှ စတင်ကျင်းပလျက်ရှိသည်။ အဆိုပါ အမျိုးသားဘောလုံး အားကစားပြိုင်ပွဲ၏ အုပ်စု (က)မှ ယူ – ၂၂ မြန်မာအမျိုးသားဘောလုံးအသင်းနှင့် တီမောလက်စ်တေ အသင်းတို့သည် မေ ၂ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အဆိုပါပွဲစဉ်ကို MRTV HD Channel ၊ MRTV Sports Channel၊ MRTV Parliament Channel ၊ MRTV Farmers' Channel နှင့် မြန်မာ့အသံရေဒီယိုတို့က တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

## မန္တလေးမြို့ကျုံး လေးပြင်လေးရပ်တွင် သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၁**

ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)ဆိုင်ရာ မင်္ဂလာအခမ်းအနားများကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာကျင်းပမည်ဖြစ်ရာ မန္တလေးမြို့ကျုံး လေးပြင်လေးရပ်တွင် မေ ၃ ရက် နံနက် ၆ နာရီမှ စတင်၍ သံဃာတော် ၁၀၂၆၈ ပါးအား နန်းမြို့ရိုးတစ်ဖက်လျှင် သံဃာတော် ၂၅၆၇ ပါးစီဖြင့် ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကျင်းပပုံများကို MRTV – HD Channel၊ MRTV Farmers’ Channel ၊ MRTV Parliament Channel၊ MRTV Sports Channel၊ MWD Education၊ Knowledge & Sports Channel ၊ TVM Channel ၊ WAF Channel နှင့် Channel Light Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်သည်။

MRTV

## အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ မြန်မာကလပ် VUC ထိုင်းကလပ်ကို အရေးနိမ့်

**ရန်ကုန် မေ ၁**

၂၀၂၃ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ ပထမနေ့ကို မေ ၁ ရက်က ထိုင်းနိုင်ငံ နာခွန်ရတ်ချာစီမာမြို့၌ စတင်ကျင်းပရာ အုပ်စုပထမနေ့တွင် အင်ဒိုနီးရှားကလပ် ဘလက်စတီးက ဩစတြေးလျကလပ် Football Victoria ကို ငါးဂိုးပြတ်၊ အိမ်ရှင်ထိုင်းကလပ် ဟောင်ယန်သာခမ်က မြန်မာကလပ် VUC ကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ VUC အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၃ ရက်တွင် မလေးရှားကလပ် ပါဟန်းရိန်းဂျားနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို သုံးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းစီ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ရဲရင့်လွင်

## မြိတ်ခရိုင်အတွင်း ကော်ဖီတိုးချဲ့စိုက်ပျိုးရေးနှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် ပျိုးပင်နှင့် မျိုးစေ့များ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၁**

တနင်္သာရီတိုင်းဒေသကြီး၏ ရေ မြေ၊ ရာသီဥတုအရ ရော်ဘာ၊ ဆီအုန်း၊ ကိုကိုးနှင့် အုန်း စသည့်သီးနှံများနှင့်အတူ မြေနိမ့်ကော်ဖီ စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်ပြီး လက်ရှိတွင် ကော်ဖီစိုက်ဧက တစ်ထောင်ခန့် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း၊ အရည်အသွေးကောင်းကော်ဖီများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ပြီး ပို့ကုန်ကဏ္ဍမြှင့်တင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ယမန်နေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျွဲကူးကျေးရွာတွင် ကျင်းပသည့် ကော်ဖီပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး၏ စိုက်ပျိုးရေးလုပ်ငန်းများနှင့် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းလျက်ရှိရာ ၂၀၂၃–၂၀၂၄ ခုနှစ်တွင် မြေနိမ့်ကော်ဖီ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် ၁၀ မြို့နယ်၊ ကျေးရွာ ၇၈ ရွာ၊ တောင်သူ ၄၄၀ ကို ကော်ဖီစိုက်ဧက ၂၆၀၀ ကျော် စိုက်ပျိုးနိုင်ရေး စည်းရုံးဆောင်ရွက်ထားရှိပြီးဖြစ်ကာ ကော်ဖီပျိုးပင် ၅၅၀၀၀ ကျော် စုဆောင်းထားရှိပြီးဖြစ်ကြောင်း၊ အထွက်နှုန်းနှင့် ကော်ဖီအရည်အသွေးမြှင့်မားရေးအတွက် နည်းပညာပေးသင်တန်းများနှင့် ကွင်းသရုပ်ပြပွဲများ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့အခမ်းအနားတွင် ကော်ဖီစိုက်အကျိုးဆောင် တောင်သူများကို ကော်ဖီပျိုးပင်များ အခမဲ့ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျွဲကူးကျေးရွာ တောင်သူ ဦးချမ်းအေး၏ စိုက်ခင်းတွင် ကျင်းပပြုလုပ်သော သစ်စိမ်းမြေဩဇာပိုက်ဆံလျှော်ကြဲပက်ခြင်းကို ကြည့်ရှုအားပေးသည်။

အလားတူ ကျွဲကူးကျေးရွာရှိ စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာတွင် ကျင်းပပြုလုပ်သော သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်ကြဲပက်ခြင်းနှင့် အကျိုးဆောင် တောင်သူများအတွက် မျိုးစပါးထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ရောက်ရှိပြီး တောင်သူများနှင့် တွေ့ဆုံ၍ တောင်သူအချင်းချင်း မျိုးဖလှယ်သည့်စနစ် ကျင့်သုံးဆောင်ရွက်ရေး၊ အကျိုးဆောင်တောင်သူနှင့် မျိုးစေ့ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေး ကြိုးပမ်းကြရန်လိုအပ်ချက်များကို ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားကာ တောင်သူများကို ဆင်းသုခစပါးမျိုးများပေးအပ်ပြီး သစ်စိမ်းမြေဩဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မြိတ်မြို့နယ် သမုတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များ တွဲဖက်သင်ကြားနိုင်ရေးအတွက် ကျောင်းဆောင်သစ်များ



တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် Grade AAA နို့စားနွားမွေးမြူရေးခြံကိုလည်းကောင်း၊ OK ရတနာအဆင့်မြင့် ဆန်စက်ကိုလည်းကောင်း၊ ထူးထူးတိုးအပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်၏ ဥစားမွေးမြူရေးခြံကိုလည်းကောင်း ကြည့်ရှုအားပေးပြီး မွေးမြူရေးတိရစ္ဆာန် အညစ်အကြေးမှ သဘာဝမြေဩဇာအဖြစ် လှည့်ပတ်သုံးစွဲနည်းစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ချက်များကို တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ငါးမျိုးပြုန်းတီးမှုကာကွယ်ရန်၊ ငါးသယံဇာတမျိုးစိတ်များ ထိန်းသိမ်းကာကွယ်ရန်၊ တရားမဝင်ငါးဖမ်းဆီးမှုများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်နှင့် အဏ္ဏဝါပတ်ဝန်းကျင်ကို ကာကွယ်နိုင်ရန် ဆောင်ရွက်နေသည့် ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ(တနင်္သာရီ) ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားကာ ငါးလုပ်ငန်းဆိုင်ရာ ဓာတ်ခွဲခန်းတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


မြန်မာ့အလင်း

**စာတည်းမှူးချုပ်** – အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** – မြင့်စိုး
**သတင်းထောက်မှူး** – ခင်ရတနာ
**စာတည်းများ** – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**အငယ်တန်းသတင်းထောက်များ** – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** – တင်စိုး
**သုတေသန** – အိအိခင်နှင့် အဖွဲ့
**စာပြင်** – အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** – သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** – သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** – (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ – ၅ – ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၄၃၃၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၃၆၂၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၀ ကျပ် | ၁၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၀ ကျပ် | ၂၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၁၀ ကျပ် | ၂၀၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၀၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၀ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၅၄၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၃ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၀ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၆၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၂ | ၁၆၄၀၀ |
| MTSH | ၂၉၀၀ | ၃၀၀၀ | ၇၂၆ | ၂၁၀၈၅၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၁၆၈ | ၁၁၇၆၀၀၀ |
| FPB | ၁၅၀၀ | ၁၄၅၀ | ၁၀၃၂ | ၁၄၉၆၄၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၃၀ | ၇၅၀၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၅၄ | ၁၄၀၄၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ – စုစည်းသည်

# နွေနေပူမှာ အပူငြိမ်းစာ စားပေးပါ

**ပေါက်ပေါက်**

ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသသုတေသနသတင်းများ ထုတ်ပေးနေသည့် Ogimet.com၏ စစ်တမ်းအရ ဧပြီ ၂၀ ရက်က ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့တွင် မြန်မာနိုင်ငံမှ ချောက်မြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့က အပူချိန် ၄၅ ဒီဂရီစင်တီဂရိတ်ဖြင့် ကမ္ဘာ့အပူချိန်အမြင့်ဆုံးမြို့နယ်များဖြစ်ကြောင်း သိရသည်။

ဧပြီ ၂၁ ရက်တွင်လည်း ထူးခြားသည့် နေ့အပူချိန်များအဖြစ် အောက်ပါအတိုင်း တွေ့ရှိရသည်။

- ချောက်မြို့ ၄၆ ဒီဂရီစင်တီဂရိတ်၊
- မြင်းမူမြို့ ၄၄ ဒီဂရီစင်တီဂရိတ်၊
- မြင်းခြံမြို့ ၄၄ ဒီဂရီစင်တီဂရိတ်၊
- ညောင်ဦးမြို့ ၄၄ ဒီဂရီစင်တီဂရိတ်၊
- တံတားဦးမြို့(လေကြောင်းမိုးလေဝသ) ၄၄ ဒီဂရီစင်တီဂရိတ်၊

နွေရာသီတွင် အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်များ မြင့်တက်လျက်ရှိသည်။ အပူချိန်မြင့်တက်နေမှုက မိုးမကျမချင်း ပူနေဦးမည်ဖြစ်ကာ အပူချိန်ကို ဇွန်လလယ်အထိ သတိထားနေရဦးမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်များကို သတိပေးလျက်ရှိသည်။

## ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့အပူချိန် စံချိန်တင် မြင့်တက်လာနိုင်ဖွယ်ရှိ

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်းလက်အောက်ခံ ကိုပါနီကပ်ရာသီဥတုပြောင်းလဲမှုဦးစီးဌာန (CCCS) မှ သုတေသီများက ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အဆိုပါသုတေသီများ၏ရလဒ်များအရ အယ်လ်နီညို ရာသီဥတုဖောက်ပြန်မှုကြောင့် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အပူချိန်စံချိန်တင်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း အသိပေးချက် ထုတ်ပြန်ထားသည်။

အယ်လ်နီညိုရာသီဥတုသည် ယခုနှစ်နွေရာသီတွင် စတင်ဖြစ်ပေါ်လာနိုင်ပြီး သမုဒ္ဒရာရေမျက်နှာပြင်များလည်း အပူချိန်မြင့်တက်လာဖွယ်ရှိကြောင်းနှင့် အယ်လ်နီညိုရာသီဥတုသည် နွေရာသီအတွင်း ဖြစ်ပေါ်လာပြီးပါက နှစ်ကုန်ပိုင်းအထိ ဖြစ်ပေါ်နိုင်သလို နှစ်ကုန်ပိုင်းတွင်လည်း ယင်းရာသီဥတုအခြေအနေမှာ ဆိုးရွားလာနိုင်ကြောင်း CCCS မှ သုတေသီများက သုတေသနရလဒ်နှင့်တကွ အခိုင်အမာပြောဆိုထားသည်။

## အပူချိန်မြင့်မားမှုအန္တရာယ်

ကျန်းမာသုတတစ်ရပ်အနေဖြင့် အသိပေးမှုဝေရပါလျှင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်သည် အန္တရာယ်ရှိနေပြီး ၄၀ ကျော်လျှင် အလွန်အန္တရာယ်ကြီးမားနေပြီဖြစ်သည်။ အပူချိန် ၄၀ မကျော်သော်လည်း ၄၀ ပတ်ဝန်းကျင်တွင် ရက်များကြာလာပါက အန္တရာယ်ကြီးမားနေပြီး ယင်းကို Heatstroke ဟုခေါ်သည်။ ထိုကဲ့သို့ အပူချိန်မြင့်တက်နေချိန်တွင် အသက်အရွယ်ကြီးရင့်သူများ၊ ကလေးသူငယ်များ၊ နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များက ပို၍သတိထားနေထိုင်သင့်သည်။ ထို့ပြင် သက်လတ်ပိုင်းအရွယ်များတွင်လည်း အနေအထိုင်၊ အစားအသောက် မှားသွားပါက Heatstroke ဖြစ်ပေါ်ခံစားရနိုင်သဖြင့် မပေါ့ဆသင့်ပေ။

လူသားတစ်ယောက်အတွက် ကိုယ်တွင်းအပူချိန်သည် ပျမ်းမျှ ၉၈ ဒသမ ၆ ဒီဂရီဖြစ်ပြီး ရာသီဥတုအပေါ်မူတည်၍ ယင်းပမာဏထက် အပူချိန်အတက်အကျ အနည်းငယ်ပြောင်းလဲတတ်သည်။ ခန္ဓာကိုယ်တွင်းအပူချိန်က သူ့အလိုလိုအေးသွားခြင်းမျိုးမရှိတတ်ပေ။ လိုအပ်သည်ထက် အပူချိန်များနေပါက ပိန်ချုံးလာခြင်း၊ ကြွက်တက်ခြင်း၊ လျှာနှင့် နှုတ်ခမ်းသာမက အရေပြားပေါ်တွင် အဖုအပိမ့်များထွက်လာခြင်း၊ ဝက်ခြံထွက်ခြင်း၊ ခေါင်းမူးဝေခြင်း၊ ပျို့အန်ခြင်း စသည်တို့အပြင် ခန္ဓာကိုယ်တွင်း ကလီစာများ အထူးသဖြင့် ကျောက်ကပ်ကို ပျက်စီးစေနိုင်သည်။

## အပူငြိမ်းစေမည့် အအေးစာများ

အပူငြိမ်းအေးစေရန်အတွက် အဓိကဆေးမှာ ရေဝဝသောက်၍ တစ်နေ့လျှင် ရေနှစ်ကြိမ် ချိုးပေးခြင်းဖြစ်သည်။ အောက်ဖော်ပြပါ အစားအစာများက ခန္ဓာကိုယ်တွင်း အပူငြိမ်းအေးစေသဖြင့် ယခုလို နေ့အပူချိန်များသောကာလတွင် မဖြစ်မနေစားပေးသင့်သည်။

❖ လူ့ခန္ဓာကိုယ်၏ သုံးပုံ နှစ်ပုံကို အရည်ဓာတ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ဖရဲသီးတစ်လုံးတွင် ရေဓာတ် ၉၂ ရာခိုင်နှုန်းဖြင့် ဖွဲ့စည်းထားသဖြင့် ရင်ကိုအေးမြစေသည်။ ရေဓာတ်ကြွယ်ဝသောဖရဲသီးကို စားခြင်းဖြင့် ရေငတ်ပြေစေပြီး ခန္ဓာကိုယ်တွင်းရှိ အပူချိန်ကို လျှော့ချပေးနိုင်သည်။ ထို့ပြင် ခန္ဓာကိုယ်ထဲရှိ ဆုံးရှုံးသွားသော အရည်ဓာတ်ကို ပြန်လည်ဖြည့်တင်းပေးကာ လူကို လန်းဆန်းအမောပြေလာစေသည်။

❖ ကြံရည်သောက်ပါ။ နေပူလောင်ခြင်းနှင့် ပင်ပန်းနွမ်းနယ်မှုများအတွက် ကြံရည်က ခန္ဓာကိုယ်ကို အချိန်တိုတွင်းမှာပင် ရေဓာတ်ဖြည့်ပေးနိုင်သည်။ ကျောက်ကပ်ကို အားပေးပြီး ပူပြင်းသောရာသီ၌ ဆီးချုပ်၊ ဆီးအောင့်ခြင်းမှ ကာကွယ်ပေးသည်။ အပူလျှပ်ခြင်းခံစားနေရသူများအတွက် ကြံရည်က ကိုယ်တွင်းအပူငြိမ်းစေပြီး ပရိုတင်းအားဖြည့်ဓာတ်စာအဖြစ် အာနိသင်ထက်မြက်သည်။ ထို့ကြောင့် နွေပူပူ ရင်ပူပူတွင် အပူငြိမ်း၊ သည်းခြေအေးစေမည့် ကြံရည်ကို သဘာဝ၏ အာဟာရအဖြစ် သောက်သုံးပေးသင့်သည်။ ကျန်းမာရေးအတွက် ကြံရည်သောက်ရန် အသင့်တော်ဆုံးအချိန်မှာ နေ့လယ်ဖြစ်သည်။



❖ သခွားသီးမှာ ရေဓာတ်ကြွယ်ဝစွာပါရှိ၍ ခန္ဓာကိုယ်ကို ထိထိရောက်ရောက်အေးမြစေသည်။ ထို့ကြောင့် ငွေကြေးအားဖြင့် တန်ဖိုးနည်းသော်လည်း အာဟာရတန်ဖိုးများလှသည့် သခွားသီးများကို နေ့စဉ်စားပေးသင့်သည်။

❖ ပူဒီနာရွက်က ခန္ဓာကိုယ်အတွင်းပိုင်းကို အေးမြစေသဖြင့် မြန်မာ၊ အိန္ဒိယ၊ ဗီယက်နမ်၊ မကာအို စသည့်အာရှတိုက်တစ်ခွင်ရှိ ရှေးတိုင်းရင်းဆေးဆရာကြီးများက ပူဒီနာပင်များကို အပူငြိမ်းဆေးအဖြစ် ဆေးဝါးဖော်စပ်လာကြသည်။

❖ မုန်လာဥအဖြူစားပါ။ အဖြူရောင်မုန်လာဥများတွင် ဗီတာမင်စီပါရှိနေသည့်အပြင် ကိုယ်တွင်းအပူချိန်ကို တိုက်ထုတ်ပေးနိုင်သောဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်း အလုံအလောက်ပါရှိသည်။ ထို့ကြောင့် "Heatstroke" ကို တိုက်ထုတ်ပေးနိုင်သော မုန်လာဥအဖြူကို မဖြစ်မနေစားပေးသင့်သည်။

❖ နှမ်းစေ့များက အပူငြိမ်းအေးစေသော အိမ်တွင်းဆေးဝါးတစ်မျိုးဖြစ်သည်။ နှမ်းစားပြီးနောက် ရေများများသောက်ပါ။ ထန်းလျက်ဖြင့် ယိုထိုးထားသော နှမ်းပျစ်၊ နှမ်းယိုများကလည်း အပူငြိမ်းအေးစေရန် အထောက်အပံ့ပေးနိုင်သည်။

❖ စမုန်စပါးအစေ့များကို သောက်ရေခွက်ထဲ တစ်ညဥ့်သိပ်စိမ်ပါ။ နံနက်အိပ်ရာထ ရေသောက်ရင်း ယင်းအဖတ်များကိုပါ ကုန်အောင် ဝါးစားပေးပါ။ တစ်နေ့တာလုံး အပူငြိမ်းအေးစေနိုင်သည့်အပြင် ခံတွင်းရနံ့ကိုပါ ရှင်းသန့်စေသည်။

❖ အုန်းစိမ်းရည်သောက်ပါ။ အုန်းသီးစိမ်းနုနုမှရသော အုန်းစိမ်းရည်က ခန္ဓာကိုယ်တွင်းအပူငြိမ်းစေသော သဘာဝဆေးကောင်းတစ်လက်ဖြစ်သည်။ ကိုယ်တွင်းအပူဓာတ်များသူများနှင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများ မဖြစ်မနေမှီဝဲသင့်သည်။ ရေဓာတ်ခန်းခြောက်ခြင်းမှလည်း အထူးကာကွယ်ပေးနိုင်သည်။

❖ တလည်းသီးနှင့် တလည်းသီးဖျော်ရည်က ခန္ဓာကိုယ်ကို အေးမြစေပြီး ကိုယ်တွင်းအပူများကို သူ့အလိုလို စုပ်ယူပစ်နိုင်သည်။ ယခုလို ပူလွန်းသောကာလများတွင် တလည်းသီးက နေ့စဉ်စားသုံးသင့်သော သီးနှံတစ်ခုဖြစ်သည်။

❖ ဘိန်းမုန့်၊ ဆနွင်းမကင်း စသည့်သရေစာမုန့်များတွင် အသုံးပြုလေ့ရှိသော ဘိန်းစေ့များက ကိုယ်ပူချိန်ကို ပုံမှန်ဖြစ်အောင် အထောက်အပံ့ပေးသည်။ ညအိပ်ရာဝင်ခါနီး ဘိန်းစေ့လက်တစ်ဆုပ်စာဝါးစားပြီး ရေသောက်အိပ်ပါက နှစ်ခြိုက်စွာအိပ်မောကျစေသည့်အပြင် နံနက်အိပ်ရာထလျှင် တစ်နေ့တာလုံး အပူငြိမ်းအေးစေသည်။

❖ ပဲနံ့သာပင်အစေ့ မှီဝဲပါ။ ရှေးရှေးမှစ၍ ယနေ့ထိတိုင် အိန္ဒိယနိုင်ငံတွင် အပူငြိမ်းဆေးတိုင်းရင်းကုထုံးဖြင့် ပဲနံ့သာပင်အစေ့များကို အသုံးပြုလျက်ရှိသည်။ (ပဲနံ့သာပင်အစေ့များကို အိန္ဒိယပရဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်)

❖ နွားနို့သောက်ပါ။ ကိုယ်တွင်းအပူငြိမ်းလိုသူများ ကျိုချက်ပြီး နွားနို့ကို အအေးခံ၍ နံနက်တိုင်းသောက်ပေးပါ သို့မဟုတ် နွားနို့ကို ပျားရည်အနည်းငယ်ခတ်၍ သောက်နိုင်သည်။ (ရေခဲဖြင့် အအေးခံထားသော နို့အေးကို မဆိုလိုပါ)

> **နေပူပူထဲ အချိန်ကြာမြင့်စွာ သွားလာပြီးနောက် ရေခဲရေများ၊ ရေနွေးပူ၊ စွပ်ပြုတ် စသည့်အရည်ပူပူများ၊ ငရုတ်သီး၊ ချင်း၊ မှျစ်ချဉ်၊ ငရုတ်ကောင်း၊ ပတဲကော စသည့်အပူအစပ်များ စားသောက်ခြင်း၊ ရေ (အရည်)သောက်သုံးမှုပမာဏ လွန်စွာနည်းပါးခြင်း စသည်တို့ကြောင့် ခန္ဓာကိုယ်တွင်းအပူချိန် မြင့်တက်**

❖ သံပရာရည်သောက်ပါ။ နံနက်အိပ်ရာထ သံပရာရည်တစ်ခွက်သောက်ခြင်းကလည်း ကိုယ်တွင်းအပူငြိမ်းအေးစေရုံမျှမက အနေအထိုင်ပေ့ါပါးလန်းဆန်းလာပြီး တစ်နေ့တာလုံး သက်လုံကောင်းစေသည်။

❖ ဘူးသီး၊ သခွားမွေး၊ ကြက်ဟင်းခါးသီး၊ ပန်းငရုတ်ပွ၊ ခရမ်းချဉ်သီး၊ လိမ္မော်သီး၊ နာနတ်သီး၊ စပျစ်သီး၊ ပန်းသီး၊ သင်္ဘောသီး၊ ဒိန်ချဉ်၊ ထန်းရည်ချို၊ ဆီးသီး၊ ဆီးယို၊ ငှက်ပျောသီးမှည့်၊ စတော်ဘယ်ရီ၊ မုန်လာဥနီ၊ အစိမ်းရောင် ပဲသီးအမျိုးမျိုး၊ ကြက်သွန်နီ စသည်တို့ကလည်း ကိုယ်တွင်းအပူချိန်ကို လျှော့ချပေးနိုင်သည်။

## သတိရှိရန်

နေပူပူထဲ အချိန်ကြာမြင့်စွာသွားလာပြီးနောက် ရေခဲရေများ၊ ရေနွေးပူ၊ စွပ်ပြုတ် စသည့်အရည်ပူပူများ၊ ငရုတ်သီး၊ ချင်း၊ မှျစ်ချဉ်၊ ငရုတ်ကောင်း၊ ပတဲကော စသည့်အပူအစပ်များစားသောက်ခြင်း၊ ရေ (အရည်)သောက်သုံးမှုပမာဏ လွန်စွာနည်းပါးခြင်း စသည်တို့ကြောင့် ခန္ဓာကိုယ်တွင်းအပူချိန် မြင့်တက်လာစေသည်။

အချုပ်အားဖြင့်ဆိုသော် ခန္ဓာကိုယ်တွင်း အပူလျော့စေရန်အတွက် အထက်ဖော်ပြပါ အစားအသောက်များကို ဦးစားပေး ရွေးချယ်စားသုံးရင်း အရောင်ဖျော့ဖျော့ ချည်သားအဝတ်အထည်ပွပွများကို ဝတ်ဆင်ရပါမည်။ မဖြစ်မနေ အိမ်ပြင်ထွက်သွားလာရပါက ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးနိုင်သည့် UV ပါသည့် အရောင်ရင့်ရင့် ရောင်ပြန်ထီးဆောင်းရပါမည်။ သွားလေရာသို့ သောက်ရေဘူးတစ်ဘူးဆောင်ထားပြီး မကြာခဏရေသောက်ရပါမည်။ သနပ်ခါးရေကျဲလိမ်းပါ။ ရာသီဥတုအပူဒဏ်ကို တစ်ပိုင်တစ်နိုင်ကာကွယ်ရန်အတွက် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးနည်းမှာ သစ်ပင်စိုက်ပျိုးခြင်း ဖြစ်သည်။ သို့ပါ၍ လူတစ်ယောက် တစ်နှစ်လျှင် သစ်ပင်တစ်ပင် အနည်းဆုံးစိုက်သော အစဉ်အလာရှိသင့်ပြီး ကျောင်းနေအရွယ်ကလေးများလည်း ပါဝင်စိုက်ပျိုးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက်ကော်ရပ်ကွက်နေ ကျော်စွာ (ခ) ဖိုးခွားသည် ၎င်းအသုံးပြုသည့် "Kyaw Swar" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၅) ရပ်ကွက်နေ ဘိုဘိုဟန် (ခ) ကြက်ကြီး (ခ) ဦးဝမ်းချူးသည် ၎င်းအသုံးပြုသည့် "Bo Bo Han" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင်ကျွန်းသစ်၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၈ ရက်တွင် မူဆယ်မြို့ နန်းတော်စစ်ဆေးရေးဂိတ်၌ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော တရားမဝင်ကုန်ပစ္စည်းများ တွေ့ရှိရသဖြင့် မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ် စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော SECONDHAND MOBILE HANDSET အလုံး ၆၉၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၀၀၀၀၀) ကို လည်းကောင်း၊ ဧပြီ ၂၉ ရက်တွင် မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသော ကုန်ပစ္စည်းများအား တွေ့ရှိသဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ် စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် CEILING LAMP LED COMPLETE SET အခု ၂၀ အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၉၄၂၄၀) ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ မြို့အထွက် တက္ကသိုလ်အနီး၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Hoco True Wireless Speaker ၁၇ ခုအပါအဝင် ကုန်ပစ္စည်း အမျိုး ၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၉၆၄၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော FOTON TOANO Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၆၅၈၇၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဧပြီ ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်) ၌ ခရီးသည်၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ငှက်သိုက် ၃ ဒသမ ၂၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရွှေဘိုမြို့ မြို့မရဲစခန်းမှ ရဲအုပ်ဦးဆောင်သော ပူးပေါင်းအဖွဲ့က ရွှေဘိုမြို့နယ် ထနောင်းကုန်းကျေးရွာအနီး၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် X-TRAY မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိသည်

ထို့အတူ မေ ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က တောင်ငူခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၂၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၅၆၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၆၀၄၃၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၇ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၄၇၅ ဒသမ ၃ ကီလို၊ အက်တက်စီဆေးပြားများနှင့် Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁**



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၇ ဒသမ ၁ ဘီလီယံ ကျော် တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၄၇၅ ဒသမ ၃ ကီလို၊ အက်တက်စီဆေးပြားများနှင့် Happy Water များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ယန်း ပူးပေါင်းစစ်ဆေးရေး စခန်းတွင် နမ့်စန်မှ တာချီလိတ်သို့ စောရွှေ မောင်းနှင်လာသည့် TOYOTA HIACE မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်၌ ကုန်စုံများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဘိန်းဖြူ ဘလောက်တုံး ၁၃၅၈ တုံး၊ အလေးချိန် ၄၇၅ ဒသမ ၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ နံနက် ၁၁ နာရီခွဲတွင် ဘိန်းဖြူဘလောက်တုံးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ အောင်စိုးအား တာချီလိတ်မြို့ ပါဆပ်ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက် ဝမ်မိုင်ကျေးရွာရှိ စိုင်းနွံ(ခ)ထွန်းလင်းဦး ၏ နေအိမ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်စီဆေးပြား ၂၃၅ ပြားနှင့် Happy Water ၃၁၅ ဂရမ် ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၇ ဒသမ ၁ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၄၇၅ ဒသမ ၃ ကီလို၊ အက်တက်စီဆေးပြား ၂၃၅ ပြား၊ Happy Water ၃၁၅ ဂရမ် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင်ဆက်စပ်ပါဝင်သူများ၏ ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဆက်လက် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ကြီးတံခွန်နှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁**

ပြည်ကြီးတံခွန်နှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ဧပြီ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက် ၇၃ လမ်းရှိ မော်တော်ယာဉ်ဂိတ်တွင် ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူ ကောင်းထက်ဇော် (ခ) ကောင်းကောင်းအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်း ထုတ်ယူလာသည့် ပလတ်စတစ်ပုံး အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြေ့သာယာရပ်ကွက် မြဝတီမင်းကြီး (၄) လမ်းရှိ မော်တော်ယာဉ်ဂိတ်တွင် မခင်ဒွေးမော် (ခ) မမော် ကိုလည်းကောင်း၊ အလားတူ ဧပြီ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့သည် မိုင်းဆတ်မြို့နယ် မအို့ကျေးရွာအုပ်စု မအို့ကျေးရွာရှိ ကျော်စွာမင်း၏ နေအိမ်သို့ ဝင်ရောက် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီတွင် တစ်ရွာတည်းနေ ထွန်းထွန်းလတ် ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**



## Bard AI တွင် ပရိုဂရမ်းမင်းဘာသာစကား ၂၀ ကျော်ကို နားလည်နိုင်သော လုပ်ဆောင်ချက်သစ် ပေါင်းထည့်




ဂူဂဲလ်က ထုတ်လုပ်ထားသော ဉာဏ်ရည်တု လုပ်ဆောင်ချက်ဖြစ်သည့် Bard AI တွင် ကွန်ပျူတာပရိုဂရမ်များရေးသည့် ပရိုဂရမ်းမင်း ဘာသာစကားများကိုပါ နားလည်နိုင်၊ အမှားပြင်ဆင်ပေးနိုင်၊ ရှင်းပြပေးနိုင်သော လုပ်ဆောင်ချက်အသစ်ကို ဧပြီ ၂၁ ရက်မှစ၍ ထပ်မံပေါင်းထည့်ထားပြီဖြစ်ကြောင်း သိရသည်။

Bard AI ၏ အဆိုပါအပ်ဒိတ်သည် C++၊ Go၊ Java၊ JavaScript၊ Python၊ Type Script စသည်တို့အပါအဝင် ပရိုဂရမ်ရေးသားသည့် ဘာသာစကား ၂၀ ကျော်ကို နားလည်နိုင်ကြောင်း၊ အသုံးပြုသူများသည် ပရိုဂရမ်များအတွက် Coding များကို ဘာသာစကားအလိုက်ရေးသားပြီး Bard AI တွင် အမှားရှာခိုင်းခြင်း၊ အမှန်ပြင်ဆင်ခိုင်းခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ Bard AI က ပြန်လည်ပြုပြင်ပေးထားသည့် Coding များကို ထုတ်ယူပြီးနောက် ဂူဂဲလ်၏ Colab တွင် အလွယ်တကူ ပြန်လည်စမ်းသပ်နိုင်မည်ဖြစ်ကြောင်း Bard AI ၏ အပ်ဒိတ်စာမျက်နှာတွင် ဖော်ပြထားသည်။

ထို့ပြင် Coding အမှားအယွင်းများနှင့်ပတ်သက်၍ ပြန်ရှင်းပြခိုင်းခြင်းကိုပါ လုပ်နိုင်မည်ဖြစ်ကြောင်း၊ ရှင်းပြရာတွင် ပရိုဂရမ်ရေးသားခြင်းနှင့် ပတ်သက်၍ အင်ဂျင်နီယာအဆင့်၊ အတွေ့အကြုံရှိသူအဆင့်၊ စတင်လေ့လာသူအဆင့် စသည်ဖြင့် အဆင့်အလိုက် ရှင်းပြပေးနိုင်မည်ဖြစ်၍ ပရိုဂရမ်ရေးသားခြင်းကို လေ့လာနေသူများအတွက် အသုံးဝင်မည့် လုပ်ဆောင်ချက်တစ်ခု ဖြစ်လာမည်ဖြစ်ကာ အတွေ့အကြုံရှိပြီးသူများအနေဖြင့်လည်း Bard AI ကိုသုံး၍ Coding အမှားအယွင်းများ၊ ချို့ယွင်းချက်များနှင့် အားနည်းချက်များကို အလွယ်တကူ ရှာဖွေပြုပြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

နာမည်ကျော် AI ဖြစ်သော ChatGPT ကို ယှဉ်ပြိုင်ရန်အတွက် ဂူဂဲလ်သည် Bard AI ကို မတ် ၂၁ ရက်က စတင်မိတ်ဆက်အသုံးပြုခွင့်ပေးခဲ့ပြီး အဆင့်မြှင့်တင်မှုများပါဝင်သော အပ်ဒိတ်များကို ဧပြီ ၁၀ ရက်နှင့် ဧပြီ ၂၁ ရက်တွင် ပြုလုပ်ခဲ့သည်။ သို့ရာတွင် Bard AI အနေဖြင့် အားနည်းချက်များ ရှိနေဆဲဖြစ်ပြီး AI ၏အဖြေများဖြင့် မလုံလောက်ပါက Google Search နှင့် ချိတ်ဆက်ပေးနိုင်ခြင်း၊ ဂူဂဲလ်အသုံးပြုနေသူများအနေဖြင့် အကောင့်အသစ်ဖွင့်ရန်မလိုဘဲ သုံးနိုင်ခြင်းစသည့် အားသာချက်နှစ်ခုမှလွဲ၍ AI ၏ စွမ်းဆောင်ရည်ပိုင်းဆိုင်ရာများတွင် ChatGPT ထက် နောက်ကျနေဆဲဖြစ်သည်။

**ကိုစိုး**

## အူရီဒူးမြန်မာမှ Internship Program ၂၀၂၃ အတွက် အလုပ်သင် လူငယ်များအား ကြိုဆို

**ရန်ကုန် မေ ၁**

အူရီဒူးမြန်မာအနေဖြင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖြည့်ဆည်းပေးရန်နှင့် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသော ဆက်သွယ်ရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နိုင်အောင် ပြည်တွင်းမှ အလားအလာရှိသူများအား ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် Internship Program ၂၀၂၃ ကို ဆောင်ရွက်လျက်ရှိရာ ပထမအသုတ်အဖြစ် အလုပ်သင် ၃၈ ဦးအား ကြိုဆိုခန့်အပ်ထားကြောင်း ဧပြီလကုန်ပိုင်းတွင် သတင်းထုတ်ပြန်ထားသည်။

အူရီဒူးမြန်မာသည် Internship Program ၂၀၂၃ လျှောက်လွှာများကို ဇန်နဝါရီလကုန်အထိ လက်ခံခဲ့ပြီး လျှောက်ထားမှုပေါင်း ၇၀၀ နီးပါး လက်ခံရရှိခဲ့ကြောင်း၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ခြင်းနှင့် ကုမ္ပဏီအတွင်း ခန့်ထားနိုင်သည့် နေရာများအပေါ်တွင်မူတည်ပြီး ပထမအသုတ်အဖြစ် အလုပ်သင် ၃၈ ဦးအား လူ့စွမ်းအားအရင်းအမြစ်ဌာန၊ ဈေးကွက်ချဲ့ထွင်ရေး၊ BI & Analytics, B2B & Wholesales၊ ဒစ်ဂျစ်တယ်၊ ဘဏ္ဍာရေးနှင့် နည်းပညာဌာနများ အပါအဝင် အမျိုးမျိုးသော လုပ်ငန်းနယ်ပယ်များအတွက် ကြိုဆိုခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာမှ တာဝန်ရှိသူ Mr. Jeremiah Ratadhi က "Internship Program က အနာဂတ်မှာ ဆက်သွယ်ရေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်နိုင်မယ့် မျိုးဆက်သစ်လူငယ်တွေကို ပြုစုပျိုးထောင်လေ့ကျင်ပေးနိုင်ဖို့ အူရီဒူးရဲ့ ကြိုးပမ်းဆောင်ရွက်ချက်တစ်ခုဖြစ်ပါတယ်။ လူငယ်လေးတွေက အစီအစဉ်ကနေ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ မိမိရဲ့ ကိုယ်ပိုင်တိုးတက်မှုနဲ့ ဆက်သွယ်ရေးလုပ်ငန်းရဲ့ အကောင်းဆုံးအလေ့အကျင့်တွေကို လေ့လာသင်ယူနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးမြောက်မြားစွာကို ရရှိမှာဖြစ်ပါတယ်" ဟု ပြောသည်။




အူရီဒူးမြန်မာ၏ Internship Program သည် စိတ်အားထက်သန်သည့် လူငယ်များအား အလုပ်အကိုင်အတွေ့အကြုံများရရှိစေရန်၊ မိမိတို့၏ ကျွမ်းကျင်မှုနှင့်အရည်အချင်းများကို မြှင့်တင်ရန်နှင့် လုပ်ငန်းနယ်ပယ်တူများအကြား ဆက်သွယ်ချိတ်ဆက်မှုများ ရရှိရန် သင်တန်းကာလအတွင်း လစာထောက်ပံ့မှုများပါဝင်သည့် အစီအစဉ်ဖြစ်သည်။ ၎င်းအစီအစဉ်တွင် လုပ်ငန်းတာဝန်အမျိုးမျိုး၌ ဝင်ရောက်လုပ်ဆောင်ရင်း လေ့ကျင့်သင်ကြားခြင်းများ၊ စာသင်ခန်းပုံစံလေ့ကျင့်သင်ကြားမှုများနှင့် အမျိုးမျိုးသော လုပ်ငန်းဌာနများမှ အူရီဒူးမြန်မာ၏ စီမံခန့်ခွဲမှုအဖွဲ့၏ လမ်းညွှန်ပြသပေးမှုများပါဝင်သည့်အတွက် ဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သက်ပြီး အားကောင်းသည့် အသိပညာဗဟုသုတများကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ အစီအစဉ်ကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး အစီအစဉ်ပြီးဆုံးသည့် အချိန်တွင် အလုပ်သင်အချို့ကို စိစစ်ရွေးချယ်ကာ အူရီဒူးမြန်မာ၌ အလုပ်ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး**

## New Product

### ပြည်တွင်းဈေးကွက်မှာ စတင်ရောင်းချတဲ့ စွမ်းရည်မြင့် တန်ဖိုးမြင့်ဖုန်း Vivo v27 5G

Vivo v27 5G ကို နိုင်ငံတကာဈေးကွက်မှာ မတ်လဆန်းက စတင်မိတ်ဆက်ခဲ့ပြီး ပြည်တွင်းဈေးကွက်မှာတော့ ဧပြီ ၂၉ ရက်က စတင်ရောင်းချပါတယ်။ စွမ်းဆောင်ရည်ပိုင်းမြင့်မားတဲ့ ဖုန်းမော်ဒယ်တစ်ခုဖြစ်ပြီး ဈေးနှုန်းအနေနဲ့လည်း ဈေးအမြင့်ပိုင်းမှာ ပါဝင်ပေမယ့် စွမ်းဆောင်ရည်နဲ့ဈေးနှုန်း ထိုက်တန်တာကြောင့် ဈေးကွက်ထဲမှာ စိတ်ဝင်စားမှုရရှိနေတဲ့ ဖုန်းမော်ဒယ်တစ်ခုဖြစ်ပါတယ်။ Vivo v27 5G ရဲ့ အဓိကအချက်အချို့ကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အရွယ် | ၆ ဒသမ ၇၈ လက်မ |
| မျက်နှာပြင်အမျိုးအစား | AMOLED, 120Hz, HDR10+ |
| Resolution | 1080 x 2400 pixels |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 13, Funtouch 13 |
| Chipset | Mediatek Dimensity 7200 (4 nm) |
| CPU | Octa–core (Cortex–A715 &  A510) |
| RAM နဲ့ မင်မိုရီ | 8/256(8GB Extended RAM) |
| ပင်မကင်မရာ | 50+8+2 MP(Triple Camera) |
| ဆယ်လ်ဖီကင်မရာ | 50 MP(Punch hole) |
| USB | Type–C 2.0, OTG |
| ဘက်ထရီ | Li–Po 4600 mAh |
| အားသွင်းစနစ် | 66W အမြန်အားသွင်းစနစ် |

ဒီဖုန်းဟာ CPU, RAM နဲ့ ကင်မရာ စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်သလို ဒီဇိုင်းပိုင်းမှာလည်း 3D Curved Screen မျက်နှာပြင်နဲ့ အရောင်ပြောင်းနိုင်တဲ့ ကျောဘက်ကာဗာတွေကြောင့် လှပတဲ့ဖုန်းတစ်လုံးဖြစ်ပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးလို့မရတာကတော့ အားနည်းချက်တစ်ခုလို့ဆိုနိုင်ပါတယ်။ လက်ရှိအချိန်မှာ ပါဝါဘန့် လက်ဆောင်ပေးတာ၊ MPT နဲ့ ပူးပေါင်းပြီး လက်ဆောင်ပေးတာစတဲ့ ပရိုမိုးရှင်းအစီအစဉ်တွေနဲ့ ရောင်းချနေပြီး ဈေးနှုန်းက ကျပ် ၁၃ သိန်းခွဲနီးပါးဖြစ်ပါတယ်။

**ကျော်ဇင်ဦး**



## အက်တမ်စတိုးအက်ပ်တွင် Toh Toh Topia ဂိမ်းသစ်ကို မိတ်ဆက်ထား

**ရန်ကုန် မေ ၁**

အက်တမ်၏အက်ပလီကေးရှင်းဖြစ်သော အက်တမ်စတိုးအက်ပ်တွင်သာ ကစားနိုင်ပြီး ကစားသူများအနေဖြင့် ဆုများစွာရရှိနိုင်မည့် Toh Toh Topia ဂိမ်းသစ်ကို အက်တမ်က ဧပြီ ၂၀ ရက်မှစ၍ မိတ်ဆက်ထားကြောင်း သိရသည်။

အဆိုပါဂိမ်းသည် တို့တို့ကြောင် ဇာတ်ကောင်ကို အခြေခံထားသော ဂိမ်းသုံးမျိုးပါဝင်သည့် ဂိမ်းစီးရီးဖြစ်ပြီး ဧပြီ ၂၀ ရက်မှစတင်သည့် ကမ်ပိန်းကာလ ရက် ၉၀ အတွင်း အက်တမ်အသုံးပြုသူများသည် နေ့စဉ် ဂိမ်းကစားခွင့်တစ်ကြိမ်ကို အခမဲ့ရရှိမည်ဖြစ်သည်။ ထို့ပြင် အက်တမ်စတိုးအက်ပ်မှ ဂိမ်းပက်ကေ့ချ်များကို ဝယ်ယူခြင်းဖြင့် ဂိမ်းများကို ပိုမိုဆော့ကစားနိုင်မည့် အခွင့်အရေးများကို ရရှိနိုင်မည်ဖြစ်သည်။

ဂိမ်းများကို ကစားသူများသည် ဖုန်းခေါ်ဆိုခြင်း၊ စာတိုပေးပို့ခြင်းနှင့် လက်ငင်းငွေသားပြန်လည်ပေးအပ်ခြင်းစသော နေ့စဉ်ရရှိနိုင်မည့် လက်ငင်းဆုလက်ဆောင်များ၊ မိုဘိုင်းဖုန်းများ၊ ရွှေသားလက်ဆောင်များ စသည့် နှစ်ပတ်တစ်ကြိမ်ပေးအပ်မည့် ဆုလက်ဆောင်များကို ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် ဂိမ်းသုံးခုလုံးအောင်မြင်သည့် ဂိမ်းကစားသူများသည် အထူးဆုကြီးများကို ကံစမ်းနိုင်သည့် အထူးဆု ကံစမ်းလက်မှတ်များ ရရှိမည်ဖြစ်ပြီး ကမ်ပိန်းကာလ ပြီးဆုံးသည့်အခါတွင် မဲနှိုက်၍ ကျပ်သိန်း၄၀ရာ ဆုကြီးတစ်ဆု၊ ကျပ်သိန်းနှစ်ရာ ဆုကြီးနှစ်ဆု အပါအဝင် အထူးဆုကြီးများကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အက်တမ်အသုံးပြုသူများအနေဖြင့် Toh Toh Topia ဂိမ်းကို အက်တမ်ကွန်ရက်အားအသုံးပြု၍ အက်တမ်စတိုးအက်ပ်တွင် ဒေတာကုန်ကျမှုမရှိဘဲ ကစားနိုင်မည်ဖြစ်သည်။

**ကျော်ဇင်ဦး**

# အထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိနေသော ငရုတ်သီး



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် စိုက်ပျိုးရေးကိုအခြေခံ၍ သီးနှံမျိုးစုံစိုက်ပျိုးသည့် ဒေသဖြစ်ရာ ငရုတ်သီးနှံကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသည်။ ငရုတ်သီးနှံကို ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ကျောက်ဆည်မြို့နယ်တွင် ၅၀၂၁ ဧက၊ စဥ့်ကိုင်မြို့နယ်တွင် ၉၆၅ ဧက၊ မြစ်သားမြို့နယ်တွင် ၂၅၁၁ ဧက စုစုပေါင်း ၈၄၉၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငရုတ်သီးနှံကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စတင်စိုက်ပျိုးပြီး မတ်လနှင့် ဧပြီလများတွင် စတင်ခူးဆွတ်နေရပြီဖြစ်ကြောင်း၊ ငရုတ်မျိုးများအနေဖြင့် သာမို၊ ဒီမွန်၊ အာစတာ၊ ၆၉၂ မျိုးနှင့် တိုးတိုးအောင်မျိုးများကို စိုက်ပျိုးကြသည့်အနက် တောင်သူအများစုမှာ စိုက်ပျိုးစရိတ်သက်သာသော သာမို၊ ဒီမွန်၊ အာစတာ၊ ၆၉၂ မျိုးများကို ပုံမှန်စိုက်ပျိုးကြပြီး စိုက်ပျိုးမှုကုန်ကျစရိတ်များသော်လည်း အထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိသော တိုးတိုးအောင်ငရုတ်မျိုးများကို ယခုနှစ်တွင် စတင်စိုက်ပျိုးလာကြကြောင်း၊ တိုးတိုးအောင်ငရုတ် တစ်ဧက ကုန်ကျစရိတ်အနေဖြင့် စတင်စိုက်ပျိုးသည့် ဒီဇင်ဘာလမှစတင်ခူးဆွတ်သည့် မတ်လဆန်းအထိ မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ စုစုပေါင်း ငွေကျပ် ၃၀-၃၅ သိန်းခန့် ကုန်ကျကြောင်း သိရသည်။

ယခုအချိန်တွင် ငရုတ်သီးများ လှိုင်လှိုင်ထွက်ရှိနေပြီဖြစ်ကြောင်း၊ ငရုတ်သီးခူးဆွတ်ရာတွင် ၃-၅ ရက်ခြား တစ်ကြိမ်ခူးဆွတ်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် စတင်ခူးဆွတ်ချိန်တွင် ပိဿာ ၂၀၀ ခန့် ထွက်ရှိကြောင်း၊ ယခုအချိန်တွင် ပိဿာ ၅၀၀-၆၀၀ ခန့် ထွက်ရှိနေပြီဖြစ်ကြောင်း၊ ဈေးနှုန်းအနေဖြင့် တိုးတိုးအောင်ငရုတ်သီးအစို တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀-၄၂၀၀ ရှိပြီး အခြားငရုတ်သီးများမှာ အစို တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ တိုးတိုးအောင်ငရုတ်သည် စိုက်ပျိုးမှုကုန်ကျစရိတ်များသော်လည်း အခြားငရုတ်များထက် အထွက်နှုန်းကောင်းပြီး ဈေးနှုန်းပိုမိုရရှိကြောင်း သတင်းရရှိသည်။

DOCA(မန္တလေး)

# ဆိပ်ဖြူမြို့နယ်ရှိ ကန်စွန်းဥစိုက်တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကိုးထောင့်အုပ်စုအတွင်းရှိ ရေလယ်ကျွန်း၊ သံဇလုံ၊ တောင်ငယ်လုံး၊ ပဒေသာကျွန်းကျေးရွာများတွင် ကန်စွန်းဥစိုက်ခင်းများကို ကိုင်းကျွန်းသဲမြေများ၌ အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ ကန်စွန်းဥစိုက်ခင်းများကို ဒေသစီးပွားအဖြစ် အမြောက်အမြား နှစ်စဉ်စိုက်ပျိုးကြပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ဧက ၂၀၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ကန်စွန်းဥမျိုး အနေဖြင့် ရွှေဝါနှင့် ငချိတ်မျိုးများကို စိုက်ပျိုးကြပြီး ယခုနှစ်တွင် ငချိတ်မျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် ကန်စွန်းညွန့် သုံးသောင်းခန့်စိုက်ပျိုးပြီး တစ်ညွန့်လျှင် ငါးကျပ်နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ ဥစားကန်စွန်းညွန့်များကို အောက်တိုဘာလကုန်၊ နိုဝင်ဘာလဆန်းတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် တူးဖော်ရကြောင်း၊ ကန်စွန်းဥတူးဖော်ချိန်နောက်ကျလျှင် ဥများတွင်ပိုးဝင်ပြီး ပျက်စီးမှုများခြင်းကြောင့် သုံးလအကြာတွင် တူးဖော်ကြကြောင်း သိရသည်။

အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ယခုနှစ်၌ ပိဿာ ၃၀၀၀ ခန့် ထွက်ရှိပြီး ဒေသပေါက်ဈေးမှာ လက်ကားဈေးတစ်ပိဿာ ငွေကျပ် ၈၀၀/၈၅၀ ဖြင့် ရောင်းချရကြောင်း၊ ယခင်နှစ်အထွက်နှုန်းမှာ ပိဿာ ၃၅၀၀ ထွက်ရှိပြီး သီးနှံပေါ်စအချိန်တွင် ဒေသပေါက်ဈေးမှာ လက်ကားဈေးပျမ်းမျှ တစ်ပိဿာငွေကျပ် ၃၅၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ကန်စွန်းဥစိုက်ပျိုးရာတွင် တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ယခုနှစ်၌ ငွေကျပ် ငါးသိန်းခန့် ကုန်ကျပြီး ငွေကျပ် ၂၆ သိန်းခန့် ဝင်ငွေရရှိ၍ သိန်း ငွေကျပ် ၂၀ ခန့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။



ယခုနှစ် ကန်စွန်းဥစိုက်တောင်သူများမှာ စိုက်ပျိုးမြေများတွင် မြစ်ရေတက်ချိန် စိုက်ခင်းများအတွင်း ရေဝင်ခြင်း၊ မြေအောက်ရေ မရရှိခြင်းတို့ကြောင့် အထွက်နှုန်း နည်းသွားရခြင်းဖြစ်သော်လည်း သီးနှံပေါ်ချိန်တွင် ယခင်နှစ်ထက် ကန်စွန်းဥ ဈေးနှုန်းမြင့်တက်သည့်အတွက် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကန်စွန်းဥစိုက်တောင်သူများ အကျိုးအမြတ်များစွာရရှိကြောင်း သတင်းရရှိသည်။

DOCA (မကွေး)

# ဆိပ်ဖြူမြို့နယ် ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီသီးနှံကို စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းအဖြစ် ဥစိုက်(မိုး)၊ ပင်စိုက်(ဆောင်း) နှင့် မျိုးစေ့ပက်စိုက်ခင်းများကို ယောချောင်း၊ ချစ်ချောင်း၊ ဆူးလေကုန်းချောင်းနှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ကိုင်းကျွန်းမြေများတွင် နေရာအနှံ့အပြား နှစ်စဉ်စိုက်ပျိုးကြကြောင်း၊ ယခင်နှစ်တွင်ကြက်သွန်နီစိုက်ဧက ၆၂၀၄ ဧက စိုက်ပျိုးပြီး ကြက်သွန်နီပိဿာချိန် သိန်း ၃၀၀ ခန့်၊ တန်ချိန်အားဖြင့် တန် လေးသောင်းကျော်ခန့် ထွက်ရှိကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီစိုက်ဧက ၆၂၅၃ ဧကစိုက်ပျိုးပြီး တစ်ဧကလျှင် ပျမ်းမျှပိဿာချိန် ၅၀၀၀ ဝန်းကျင်ခန့် ထွက်ရှိပြီး တစ်မြို့နယ်လုံး ကြက်သွန်နီပိဿာပေါင်း သိန်း ၃၁၀ ခန့်၊ တန်ချိန်အားဖြင့် တန် ငါးသောင်းကျော်ခန့် ထွက်ရှိကြောင်း သိရသည်။

